မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၃၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌထံသဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင်ကျရောက်သော ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကင်ဂျုံအီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရှေးဘေးဘိုးဘီဘင်တို့၏ ကျေးဇူး

ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ နှစ်ပရိစ္ဆေဒ ရှည်လျားစွာ ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် မခွဲမခွာ အတူတကွ နေထိုင်နိုင်ကြခြင်းမှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စာနာထောက်ထားခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်း၊ နားလည်သည်းခံခွင့်လွှတ်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း တည်းဟူသော မိသားစုစိတ်ဓာတ်ကို အခြေခံ အရင်းတည်လျက် အမြော်အမြင်ကြီးမားစွာ ပေါင်းစည်းယှက်နွှယ် နေထိုင်ခဲ့ကြသည့် ရှေးဘေးဘိုးဘီဘင် အဆက်ဆက်တို့၏ ကျေးဇူးတရားကြောင့်ပင်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ—

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို ပြည်သူတို့နှင့်အတူလက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပြင်ဦးလွင်မြို့နယ် တည်ဆောက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် ဇန်နဝါရီ ၂၁ ရက် နံနက် ၁၁ နာရီခွဲက ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာအနီးရှိ ပွဲကောက်ရေလှောင်တမံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်ရွက်ရပ်မှ ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း၌ စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁၀) ရှိ ပဒေသာမြို့သစ် အော်တိုတယ်လီဖုန်း အိတ်ချိန်းရုံးသို့ ရောက်ရှိကြပြီး အဆိုပါရုံးအနီး၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင်က ပြင်ဦးလွင်မြို့ အဝေးပြေး ခရီးသည်တင်ယာဉ်ရပ်နားစခန်းနှင့် ပွဲရုံတန်းများ တည်ဆောက်မည့်အခြေအနေနှင့်ပတ်သက်၍ ဆက်စပ်လျက်ရှိသော အစိုးရရုံးအဆောက်အအုံများ၊ လူနေအိမ်ခြေများ အခြေအနေတို့ကို အဆိုပြု ပန္နက်ချပုံစံ မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် ပဒေသာမြို့သစ် အော်တိုတယ်လီဖုန်းအိတ်ချိန်းရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၃ ✻

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာအနီးရှိ ပွဲကောက်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်)

လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်တည်ဆောက် တိုင်းရင်းသားပြည်သူများ တက်ကြွစွာပါဝင်

နိုင်ငံတော်သည် ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်မြေဒေသအလိုက် လမ်းများတိုးချဲ့ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့်အတူ တံတားသစ်များကို ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

စစ်ကိုင်းတိုင်းအတွင်း သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး လမ်းပိုင်းကြားတည်ရှိသည့် ဥရုတံတားသစ်ကို ဖေဖော်ဝါရီလ ၉ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါတံတား၏ စုစုပေါင်းအရှည်မှာ ပေ၁၀၉၀ရှိပြီး ပင်မတံတားမှာ ပေ ၅၄၀ ရှိသည်။ တံတားမှာ ဘေလီကြိုးတံတားဖြစ်ကာ ချဉ်းကပ်လမ်းမှာ ပေ ၅၅၀ရှိသည့် နှစ်လမ်းသွား သံကူကွန်ကရစ်တံတား ဖြစ်သည်။ တန်ချိန် ၃၅တန်ရှိသည့် ဝန်လေးယာဉ်များ ဖြတ်သန်း သွားလာနိုင်ပြီ ဖြစ်သည်။

ဥရုတံတားကိုဖြတ်၍ တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းအတိုင်း စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်နှင့် ခန္တီး-လဟယ် ဒေသအတွင်းရှိ မြို့၊ ရွာများသို့ အချိန်တိုအတွင်း လွယ်ကူစွာဆက်သွယ် သွားလာနိုင်ပြီ ဖြစ်သည်။

စစ်ကိုင်းတိုင်းအထက်ပိုင်းက ထွက်ရှိသည့် ဆန်စပါး၊ ဆီထွက်သီးနှံ၊ သစ်တောထွက်ပစ္စည်းများနှင့် တွင်းထွက်သယံဇာတများ ဥရုတံတားကိုဖြတ်သန်း၍ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်ပေးနိုင်မည် ဖြစ်သည်။ စစ်ကိုင်းတိုင်းနှင့်ဆက်စပ်နေသော ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် နာဂတိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများလည်း ပိုမိုဖွံ့ဖြိုးတိုးတက် လာတော့မည် ဖြစ်သည်။

ထို့အပြင် နာဂတိုင်းရင်းသားများ၏ နယ်မြေနှင့် သွားလာမှုလွယ်ကူအောင် စစ်ကိုင်းတိုင်းအတွင်း၌ တည်ဆောက်နေသည့် နန့်စလိန်တံတားကိုလည်း မကြာမီဖွင့်လှစ်တော့မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က လမ်းပန်းဆက်သွယ်လုံခြုံချောမွေ့ရေးအပါအဝင် အခြေခံကောင်းများစွာကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများ၌ တက်ကြွစွာပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ် အသီးအပွင့်များကို ပိုမိုရရှိခံစားနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နဂါးကိုးကောင် နဂါးရုံပြည်လုံးချမ်းသာစေတီတော် ထီးတော်တင်လှူပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၁၂)ရပ်ကွက် ဓမ္မသီရိအောင်မေတ္တာ ပရိယတ္တိစာသင်တိုက်ကြီး ပရိဝုဏ်အတွင်း တည်ထားလျက်ရှိသော နဂါးကိုးကောင် နဂါးရုံပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးအား**(အပေါ်ပုံ)** ၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၁၃ရက် (ဖေဖော်ဝါရီ ၁၉ ရက်) အင်္ဂါနေ့တွင် ရွှေထီးတော်မြတ်ကြီးကို ဓမ္မသီရိအောင်မေတ္တာ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တကုမာရ (အောင်မေတ္တာဂူအောင်း) ဆရာတော်အား အမှူးပြု၍ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့က စည်ကားသိုက်မြိုက်စွာ တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေသန်လျင်ဆရာတော် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

သန်လျင်မြို့နယ် လဟာယက် ကျောင်းတိုက် ပဓာနနာယက သာသန ဓဇ ဓမ္မာစရိယ ဝိနယဝိဒူ နယ်လှည့် သာသနာပြု ဓမ္မကထိက ရွှေသန်လျင် ဆရာတော် အရှင်မေဃိယသည် ဖေဖော်ဝါရီ ၁၄၊၁၅ရက်များတွင် ပုဂံ တောင် အုဋ္ဌိမှိဖိုမဟာစည် နှစ်(၅၀)ပြည့် အထူးဓမ္မသဘင်၊ ၂၁ရက်တွင် ရွှေသန် လျင်ဆရာတော်၏(၃၂)နှစ်ပြည့်မွေးနေ့ သဘင်၊ ၂၂၊၂၃ရက်တွင် ကျုံပျော်မြို့ ကြို့ကုန်း ဗုဒ္ဓပူဇနိယ ဓမ္မသဘင်၊ ၂၄ ရက်တွင် စမ်းချောင်းမြို့နယ်မြေနီကုန်း ဓမ္မာရုံ ဗုဒ္ဓပူဇနိယ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ကို ဟောကြားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ရပ်နီးရပ်ဝေးမှ အလှူရှင်များနှင့် ဆရာတော် ဖုန်း-၀၉-၅၁-၈၅၀၀၄၊ သန်လျင် ဖုန်း-၀၅၆-၂၁၄၀၅နှင့် မြေနီကုန်း မစိုးရိမ်စာသင်တိုက် ဖုန်း- ၀၁- ၅၃၇၉၁၄တို့ကို ဆက်သွယ်နိုင် ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၄-၂-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀ ၆။ အမျိုးသားရေးတေးကဗျာ
၅း၂၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၂၂)
၆း၃၅ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၇၂)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၆)

စမ်းချောင်း မြို့နယ် အတုလာ ဓိပတိ မဟာမုနိ သကျ ကိုးထပ်ကြီး ဘုရား ၁၀၃ နှစ်ပြည့် (၃၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ဘုံကိုးဆင့်ပွဲတော် မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သန်း၊ ဂေါပကအဖွဲ့ဝင် ဦးသန်းနှင့် ဦးဖုန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ပြည်ထောင်စုနေ့ဂုဏ်ပြု ကလော၌ ကျောက်ချောလမ်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက် ခဲ့သော စေတီကုန်းရွာသွားလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က အဆိုပါလမ်း မုခ်ဦး၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်က အမှာစကား ပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းက လမ်းနှင့်ပတ်သက်သည်များ ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညိုဝင်းတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။(ယာပုံ)

ဖွင့်လှစ်ခဲ့သော ကျောက်ချောလမ်းမှာ ကျေးလက်လမ်း သုံးလမ်းအနက် တစ်လမ်းဖြစ်ပြီး အလျားပေ ၃၀၈၀နှင့် အကျယ် ၁၀ ပေရှိကာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၇၁ ဒသမ ၉သိန်းဖြင့် အကောင်အထည် ဖော် ဆောင်ရွက်ခဲ့သော လမ်းဖြစ်ကြောင်းသိရသည်။**(မြို့နယ်စည်ပင်)**

ပြည်ထောင်စုပန်း လန်းပြီကို

* ကိုယ့်မြေကိုယ့်တိုင်း၊ ကိုယ့်သမိုင်းကို
မရိုင်းစေရေး၊ ပင်လုံသွေးဖြင့်
ရေးသည့်မော်ကွန်း၊ ပြည်သစ်ထွန်းအောင်
ညွှန်းဖွဲ့သက်သေ တင်ပြီကို။

* တစ်လှေထဲစီး၊ တစ်ခရီးထဲသွား
တစ်စီးပွားထဲ၊ တူမခွဲဘဲ
လက်တွဲညီညာ၊ စည်းလုံးကာလျှင်
အနာဂတ်လမ်း၊ တူလျှောက်လှမ်းလျက်
အောင်ပန်းတူဆွတ်၊ ဒို့ညီညွတ်မည်
တုလွတ်ရွှေပြည် နီးပြီကို။

* ပြည်ပအားကိုး၊ ပုဆိန်ရိုးတို့
သွေးထိုးမြှောက်ပင့်၊ အကြံနှင့်လျှင်
အခွင့်ကိုချောင်း၊ အကြောင်းကိုဖန်
အမှန်ကိုဖျောက်၊ ပြည်လုံးမှောက်အောင်
အကောက်ကြံကြ၊ သွေးခွဲကြလည်း
မြန်မာ့သွေးပီ၊ ရဲခဲ့သည်တည့်
မြန်မာသားပီ၊ ညီခဲ့သည်တည့်
ကိုယ့်ပြည်ကိုယ့်ရွာ၊ ကိုယ့်မြေချာကို
တွယ်တာမြတ်နိုး၊ ကွယ်ကာမိုးလျက်
ဆတိုးချစ်ကြည်၊ ကမ္ဘာတည်မျှ
ပြည်ထောင်စုပန်း လန်းပြီကို။

* ပြည်လည်းစည်သာ
ညီလည်းညီညာ
ချီရာလမ်းကြောင်း၊ မတိမ်းစောင်းဘဲ
နှစ်ပေါင်းထောင်ချီ၊ သမိုင်းရှည်ဝယ်
ခိုင်ကျည်အားပြု၊ "ပြည်ထောင်စု"ကား
တုနှိုင်းမဲ့ကင်း၊ ဂုဏ်သတင်းနှင့်
ပျံ့သင်းဝေဆာခဲ့ပြီကို။ ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်-

ဇော်မင်းမင်းဦး

အနှစ်သာရအစစ်အမှန်

အကာဖြစ်သော ကာမဂုဏ်ကိုလေသာ မကောင်းမှုဒုစရိုက်တရားတို့ကို တွယ်ကပ်မနေဘဲ အနှစ်အစစ်အမှန်ဖြစ်သော ကောင်းမှုကုသိုလ်တရားတို့ကို ပွားများနိုင်မှသာလျှင် သီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ကောင်းသောသူခ အနှစ်သာရအစစ်အမှန်ရပေလိမ့်မည်။

(ဓမ္မပဒ ၁၂)

* ရှေ့ဖုံးမှ

ယင်းနောက် တိုင်းမှူးသည် ဒိုးကွင်း စိုက်ပျိုးရေးခြံသို့ရောက်ရှိပြီး ဆေးဖက်ဝင် သစ်ခွများကို တိုင်ဖြင့်လည်းကောင်း၊ ချိတ်ဖြင့်လည်းကောင်း၊ အိုးဖြင့်လည်းကောင်း သရုပ်ပြစိုက်ပျိုးထားမှုများနှင့် သစ်ခွပင်ပေါက်များကို အသီးမှ မျိုးပွားခြင်း၊ ထပ်ဆင့်မျိုးပွားခြင်း၊ အညွန့်မှ မျိုးပွားခြင်းအဆင့်ဆင့်အား လက်တွေ့ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ နိုင်ငံခြားတင်ပို့ရန် ဆေးဖက်ဝင် သစ်ခွခြောက်ပြုလုပ်ပုံအဆင့်ဆင့်တို့ကိုလည်းကောင်း၊ မြက်သစ်ခွ၊ ဆလပ်နီ၊ ဆလပ်စိမ်း၊ ဆလပ်ထုပ်စိမ်း၊ မင်သော်(ပရုတ်အေး)၊ ဆေးသကြား၊ ဒေါနရွှေဝါအပ်များ ပြသထားမှုတို့ကိုလည်းကောင်း၊ သစ်ခွပျိုးရုံ (၁၊၂၊၃)တို့တွင် အောင်မြင်ဖြစ်ထွန်းနေသည့် သစ်ခွပျိုးပင်များကိုလည်းကောင်း၊ လျှပ်စစ်အလင်းပေးစနစ်ဖြင့် မျိုးပွားခန်းအတွင်း သစ်ခွမျိုးပွားနေမှုတို့ကိုလည်းကောင်း၊ စိုက်နည်းစနစ်များဖြစ်သည့် ပေါင်စနစ်၊ တန်းစနစ်၊ ချိတ်ဆွဲစနစ်တို့ဖြင့် စိုက်ပျိုးထားမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပိုးချည်စက်ရုံ

ထို့နောက် တိုင်းမှူးသည် မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ပိုးချည်စက်ရုံသို့ရောက်ရှိပြီး ပိုးစီမံကိန်းပြခန်းအတွင်း လက်လုပ်ပိုးချည်၊ ခြေနင်းပိုးချည်၊ ပိုးဂွမ်း၊ ပိုးစာဝိုင်၊ ပိုးစာယို၊ ပိုးစာ အားတိုးဆေးနှင့် ပိုးချည်ကို အသုံးပြု၍ အဝတ်အထည်များထုတ်လုပ်ထားမှု၊ ပိုးမွေးသည့် အခန်းအတွင်း လျှပ်စစ်ဓာတ်အားအသုံးပြု၍ ကြိမ်ဖိုင်များတွင် ပိုးကောင်များ မွေးမြူထားရှိမှုနှင့် ပိုးကောင်များမှ ပိုးချည်များ ရစ်ထုတ်နေမှု၊ ပိုးအိမ်ဖြုတ်ခြင်းနှင့် ပိုးအိမ်ပြုတ်ခြင်း လုပ်ငန်းအတွင်း ပိုးအိမ်များမှ ပိုးချည်ရရှိရေးအတွက် လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ရတနာပုံမြို့သစ် ရေပေးဝေရေးအတွက် ဆင်လမ်းချောင်းမှရေကို အသုံးပြုကာ ဂါလန်တစ်သိန်းဆံ့ အနည်ထိုင်ကန် တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဖြန့်ဝေနိုင်မည်

ရတနာပုံမြို့သစ် သောက်သုံးရေနှင့်ပတ်သက်၍ ယခုလက်ရှိတွင် စည်သာရေကူတမံမှ ရေဖြင့် ဆောင်ရွက်ပေးနေပြီး ယခု အနည်ထိုင်ကန် တည်ဆောက်မှုပြီးစီးပါက နေ့စဉ် ရေဂါလန်နှစ်သန်းခန့်ကို ရတနာပုံမြို့သစ်သို့ ဖြန့်ဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် နယ်တရားစခန်းပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယ၊ တရားဟောဓမ္မကထိက ဆရာ ဦးသိန်းဆွေ(ဓနုဖြူ)နှင့် အရန်တရားဟော ဓမ္မကထိကများသည် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ဒေါင့်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မရက္ခိတ ဓမ္မရိပ်သာ၌ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိလည်းကောင်း၊ ဖျာပုံမြို့နယ် သလိပ်ကလေးကျေးရွာ၊ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မတ် ၇ ရက်မှ ၁၃ ရက်အထိလည်းကောင်း၊ ဖျာပုံမြို့၊ အသောကာရာမ (ဒွါရ)ကျောင်း၌ မတ် ၁၅ ရက်မှ ၂၁ ရက်အထိလည်းကောင်း၊ ဘိုကလေးမြို့နယ် ဘုရားသုံးဆူကျေးရွာ ဓမ္မာရုံ၌ မတ် ၂၃ ရက်မှ ၂၉ ရက်အထိလည်းကောင်း မြတ်စွာဘုရားရှင်၏ တစ်ကြောင်းတည်းသော မဇ္ဈိမပဋိပဒါကျင့်စဉ် ဓမ္မာနုပဿနာတရားပွဲများကို ရန်ကုန်မြို့ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ဟောကြားပြသပေးမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူ ယောဂီများသည် နီးစပ်ရာ တရားစခန်းများသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၄-၂-၂၀၀၈ ရက် (ကြာသပတေးနေ့)
(၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၈ ရက်)
(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချို့အေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅	၆။	အဆိုပြိုင်ပွဲ
၈:၁၅	၇။	အကပဒေသာ
၈:၂၅	၈။	မံဆောင်းတံတား (ချင်းပြည်နယ်)
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၃၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၄၀	၈။	တေးဂီတအစီအစဉ်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	မူဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၄၅	၁၂။	မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ
၁၈:၅၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့်ဆုံစည်းခြင်း** (အပိုင်း-၈)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူများ** (အပိုင်း-၂၆)(ဇာတ်သိမ်းပိုင်း)
	၁၈။	မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

ပြည်ထောင်စုနေ့အခမ်းအနား ကမာရွတ်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်၏ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ် ဥက္ကဋ္ဌ ဦးအောင်တင်က ဖတ်ကြားကြောင်း သိရသည်။

(က-ပ)

အနုပညာနှလုံးအိမ် ရုပ်ရှင်သင်တန်း အမှတ်စဉ်(၂)ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ငါးထပ်ဆင့်အကယ်ဒမီဒါရိုက်တာ မောင်တင်ဦး တာဝန်ယူ စုစည်းဖန်တီးသည့် အနုပညာနှလုံးအိမ်ရုပ်ရှင် အခြေခံသင်တန်း အမှတ်စဉ်(၁)ကို ဇန်နဝါရီ ၁၀ ရက်က ဖွင့်လှစ်ခဲ့ရာ သင်တန်းကာလ တစ်လရှိပြီဖြစ်သည်။ သင်တန်းသားများသည် ရုပ်ရှင်ပညာ စာတွေ့သာမက လက်တွေ့ ရိုက်ကူးပြသ၍ ပြန်လည်ဆန်းစစ်မှုများ ပြုလုပ်ခြင်း၊ စကားပြောပြိုင်ပွဲ၊ အမူအရာပြိုင်ပွဲများ ကျင်းပပေးခဲ့သည်။

အမှတ်စဉ်(၁)ကို မမီလိုက်သူများအတွက် အမှတ်စဉ်(၂)ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် စတင်ဖွင့်လှစ်မည် ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်သူများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မတ် ၁၉ ရက်တွင် ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတည်ရာ ဌာနဖြစ်သည့် စကားဝါခန်းမ အမှတ်(၂) မိုးကောင်းလမ်း ရန်ကင်းမြို့နယ်သို့ လာရောက်စုံစမ်း စာရင်းသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ စီးပွား/ ကူးသန်းက ဆောက်လုပ်ရေးကိုနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေး (မြန်မာလိဂ်)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ စီးပွား/ကူးသန်းအသင်းက ဆောက်လုပ်ရေးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်းအတွက် အနိုင်ဂိုးများကို စထက်နိုင်ဝင်းက နှစ်ဂိုး၊ မျိုးလှိုင်ဦးက တစ်ဂိုးသွင်းယူပေးသည်။ စီးပွား/ကူးသန်းအသင်းသည် ခုနစ်ပွဲကစား ခုနစ်ပွဲနိုင် ၂၁ မှတ်ရရှိထားသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၁၄ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏဘောလုံးကွင်း၌ သစ်တောရေးရာအသင်းနှင့် ကမ္ဘောဇအသင်း၊ အောင်ဆန်းကွင်း၌ Eleven အသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	ဒါရကန္ဓေ့ာပမသုတ္တန် တရားတော် [ရေနံချောင်း ဆရာတော် ဘဒ္ဒန္တ ဇနိတ]
၇:၅၀ - ၁:၅၀	နိဗ္ဗာန်ဆီသို့ အမေးအဖြေများ
၈:၂၀ - ၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅ - ၂:၂၅	ပြည်တွင်းအနုပညာရေးရာ
၈:၅၀ - ၂:၅၀	စေတီတို့ရဲ့ နောင်တော် တွံတေးရွှေဆံတော်
၉:၀၀ - ၃:၀၀	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (STREAMLINE)
၉:၁၀ - ၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ - ၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅ - ၃:၂၅	သွားမယ်စားမယ် (Padonmar Restaurant)
၉:၄၅ - ၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀ - ၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅ - ၃:၅၅	သဖန်းဆိပ် ဘက်စုံရေလှောင်တမံ
၁၀:၀၅ - ၄:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀ - ၄:၁၀	သင်ယူလေ့လာဂီတပညာ (ကိုစိုင်း) (အပိုင်း-၂၈)
၁၀:၄၀ - ၄:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅ - ၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅ - ၄:၅၅	မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန အကြောင်း သိကောင်းစရာ အပိုင်း(၂)
၁၁:၂၀ - ၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅ - ၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀ - ၅:၃၀	နယ်ဥ်ဆန်းထွင် ပန်းအလှဆင် (ပန်းစည်းအလှ)
၁၁:၄၅ - ၅:၄၅	အနာကြီးရောဂါကင်းဝေးရေး ဆိုင်ရာ ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာကျော်မြင့်)
၁၂:၀၀ - ၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅ - ၆:၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ Game ကစားပွဲ
၁၂:၃၅ - ၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀ - ၆:၄၀	Yangon Panorama ပညာရေးစုံညီပွဲတော် (၂၀၀၈ ခုနှစ်) အထက(၂)စမ်းချောင်း
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စိန်ပြောင်းကျည် ဘဂ္ဂဒက်၌ပေါက်ကွဲ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တောင်ပိုင်း ဒိုရာခရိုင်သို့ ဖေဖော်ဝါရီ ၁၂ရက်က စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးပြီးရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါအရပ်သို့ စိန်ပြောင်းကျည် နှစ်စင်း ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး နေအိမ်များအပေါ် ကျရောက်ခဲ့မှုကြောင့် အိမ်နှစ်လုံး ပျက်စီးခဲ့ကြောင်း အီရတ် ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

ဒိုရာခရိုင်၌ လွန်ခဲ့သည့် သုံးရက်ကလည်း လမ်းဘေးဗုံး ပေါက်ကွဲခဲ့မှုကြောင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့သည်။ ထို့အတူ အီရတ်တပ်ဖွဲ့ဝင်များနှင့် ပူးတွဲကင်းလှည့်လာသောအမေရိကန်တပ်ဖွဲ့ဝင်အချို့လည်း ဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်မြို့တွင် ဖေဖော်ဝါရီ ၁၁ရက်က ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၂၀ခန့်သေဆုံးခဲ့ရသည်။ အီရတ်နိုင်ငံ တစ်ဝန်း၌ ဗုံးခွဲတိုက်ခိုက်မှုများ တိုးမြင့်ဖြစ်ပွားလျက်ရှိကြောင်း အီရတ် ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ **(အင်တာနက်)**

အာကာသ၌ လက်နက်အပြိုင်တပ်ဆင်မှုတားမြစ်ရေး
ရုရှားနှင့်တရုတ် အဆိုပြု တင်ပြထား

ဂျီနီဗာ ဖေဖော်ဝါရီ ၁၃

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် အာကာသတွင် လက်နက်အသုံးပြုမှု တားမြစ်ပိတ်ပင်ရေး နိုင်ငံတကာစာချုပ်သစ်တစ်ရပ်ကို အဆိုပြုတင်ပြခဲ့ကြသည်။

ပြောကြား

အာကာသအတွင်း လက်နက်အပြိုင်တပ်ဆင်မှု ရပ်တန့်ခြင်းမရှိသဖြင့် ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်လာကြောင်း ဂျီနီဗာ၌ ကျင်းပသော လက်နက် ဖြုတ်သိမ်းခြင်း ဆိုင်ရာ အစည်းအဝေးတွင် တရုတ်နှင့် ရုရှား (ဝဲပုံ)တို့ သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

အတားအဆီး

အဆိုပါစာချုပ်သစ်သည်အာကာသအတွင်း လက်နက်များ တပ်ဆင်အသုံးပြုမှုကို အတားအဆီး ဖြစ်နိုင်ကြောင်း ၄င်းက ပြောကြားသည်။

ဆန့်ကျင်နေ

ယင်းစာချုပ်သစ်သည်အာကာသအတွင်းလက်နက်များအပြိုင် တပ်ဆင်မှုကို တားမြစ်ထားပြီး အမေရိကန်နိုင်ငံသည် အဆိုပါသဘောတူညီချက်ကို ကာလအတန်ကြာ ဆန့်ကျင်နေခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

တရုတ်နှင့်အီစ္စရေးတို့ ဖက်စပ်ကားများ ထုတ်လုပ်မည်

အန်ဟွေး ဖေဖော်ဝါရီ ၁၃

တရုတ်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ချယ်ရီကားကုမ္ပဏီသည် ဥရောပနှင့် အမေရိကန်ကားဈေးကွက်ရှာဖွေရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် အမေရိကန်အထောက်အပံ့ဖြင့် ထူထောင်ထားသည့် တဲလ်အဗစ်အခြေစိုက် အစ္စရေးကုမ္ပဏီဖြစ်သော ကွမ်တန်အယ်လ်အယ်လ်စီနှင့် ဖက်စပ်ကားထုတ်လုပ်ရေးစက်ရုံကို ထူထောင်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပြောကြား

ချယ်ရီကွမ်တန် မော်တော်ကားထုတ်လုပ်ရေး ဖက်စပ်လုပ်ငန်းသည် တရုတ်နိုင်ငံ အရှေ့ပိုင်း အန်ဟွေးပြည်နယ်၌ရှိပြီး တရုတ်စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားကြောင်းချယ်ရီကားထုတ်လုပ်ရေးသတင်းရပ်ကွက်က ပြောကြားသည်။

ပိုင်ဆိုင်မည်

အဆိုပါ ဖက်စပ်ကားထုတ်လုပ်ရေးလုပ်ငန်းတွင် ကွမ်တန်အယ်လ်အယ်လ်စီကအမေရိကန်ဒေါ်လာ၂၂၅သန်းရင်းနှီးမြှုပ်နှံထားပြီး ၄၅ရာခိုင်နှုန်း ပိုင်ဆိုင်သည်။ တရုတ် ချယ်ရီကားကုမ္ပဏီက ယင်းဖက်စပ်လုပ်ငန်းတွင် နည်းပညာနှင့် မြေနေရာပေးပြီး ၅၅ ရာခိုင်နှုန်း ပိုင်ဆိုင်မည်ဖြစ်သည်။

ထုတ်လုပ်

ချယ်ရီကွမ်တန် မော်တော်ကားများ(ဝဲပုံ)ကို ၂၀၀၉ခုနှစ်မှ စတင်ကာ တစ်နှစ်လျှင် စီးရေ ၁၅၀၀၀၀ ထုတ်လုပ်သွားမည်ဖြစ်သည်ဟု ဆိုသည်။

အများဆုံးရောင်းချရ

ချယ်ရီမော်တော်ကားများထုတ်လုပ်ရောင်းချမှုမှာ ၂၀၀၇ခုနှစ်အတွင်း စီးရေ ၃၈၁၀၀၀ရှိပြီး နှစ်အလိုက် ၂၄ ဒသမ ၈ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ယခုနှစ်တွင်စီးရေ ၄၈၀၀၀၀ အထိ ရောင်းချရနိုင်ကြောင်းခန့်မှန်းထားသည်ဟုဆိုသည်။ ယင်းကုမ္ပဏီသည်၂၀၀၇ ခုနှစ်အတွင်း တရုတ်နိုင်ငံ၌ စတုတ္ထကားအများဆုံးရောင်းချရသည့်ကုမ္ပဏီဖြစ်သည်။

စီစဉ်ထား

ချယ်ရီကားကုမ္ပဏီသည်တရုတ်နိုင်ငံ ဝူဟူမြို့၌ရှိပြီး ကုမ္ပဏီသက်တမ်း ၁၁နှစ်ရှိပြီဖြစ်သည်။ ယင်းကုမ္ပဏီက ၂၀၁၀ပြည့်နှစ်တွင် စီးရေ တစ်သန်းအထိ တိုးမြှင့်ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံတကာ သတင်း

လာမည့် ၂၀၅၀ ပြည့်နှစ်အတွင်း
အမေရိကန်၌ လူဖြူများ လူနည်းစုဖြစ်လာဖွယ်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

လက်တင်အမေရိကမဟုတ်သော လူဖြူများသည် ၂၀၅၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု၌ လူနည်းစုဖြစ်လာမည်ဖြစ်ကြောင်း လာမည့် နှစ်များအတွင်း အမေရိကန်လူဦးရေတိုးတက်မှု၏ ၈၂ရာခိုင်နှုန်း ရှိကြောင်း ဆန်းစစ် လေ့လာချက်တစ်ရပ်ကို ဖေဖော်ဝါရီ၁၁ရက်က ဖော်ပြသည်။

လေ့လာချက်

အမေရိကန်နိုင်ငံ၏ လူဦးရေသည် လက်ရှိ လူဦးရေတိုးတက်မှုလမ်းကြောင်းအတိုင်း ဆက်တိုးလာလျှင် ၂၀၀၅ခုနှစ်က အမေရိကန်လူဦးရေ ၂၉၆ သန်းရှိရာမှ ၂၀၅၀ပြည့်နှစ်၌ လူဦးရေ ၄၃၈သန်း ရှိလာနိုင်ကြောင်း သုတေသနပြုလေ့လာချက်တစ်ရပ်က ဖော်ပြသည်။

နှိုင်းယှဉ်ဖော်ပြ

လူဖြူအရေအတွက်သည်၂၀၅၀ပြည့်နှစ်တွင် စုစုပေါင်းလူဦးရေ၏ ၄၇ ရာခိုင်နှုန်း ရှိလာနိုင်ကြောင်း၊ အဆိုပါ ဆန်းစစ်လေ့လာချက်၌ ဖော်ပြသည်။ ထိုအချိန်တွင် အမေရိကန်နိုင်ငံသားငါးဦးလျှင် တစ်ဦးမှာ ရွှေ့ပြောင်း လာရောက် နေထိုင်သူများမှ မွေးဖွားသူ ဖြစ်လာမည်ဖြစ်ကြောင်း၊ ယင်းမှာ၂၀၀၅ခုနှစ်က အမေရိကန်နိုင်ငံသား ရှစ်ဦးလျှင် တစ်ဦး လူဖြူဖြစ်ခဲ့ကြောင်း နှိုင်းယှဉ်ဖော်ပြထားသည်။

အမ်အင်န်အေ၊ရိုက်တာ

ထိုင်းအရှေ့မြောက်ပိုင်း၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဗန်ကောက် ဖေဖော်ဝါရီ ၁၃

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း ကွန်ကိန်းပြည်နယ်ရှိ ခရိုင်၂၆ခု၌ လွန်ခဲ့သော သီတင်းပတ်က ကြက်ငှက်များလျှို့ဝှက်ဆန်းကျယ်စွာ သေဆုံးခဲ့ပြီးနောက် ကြက်ငှက်တုပ်ကွေး သတိပေးနှိုးဆော်မှုများ ပြုလုပ်ထားကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ဖေဖော်ဝါရီ၁၀ရက်တွင် ပြောကြားသည်။

အဆိုပါပြည်နယ်ရှိ ခရိုင်၂၆ခု၌ ဓာတ်မှန်ဌာန ကျန်းမာရေးစစ်ဆေးရေးအဖွဲ့တို့ဖြင့် အနီးကပ် စောင့်ကြည့်လေ့လာနေကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ပန်ချိုင်းက ပြောကြားသည်။

ထိန်းချုပ်နိုင်

လွန်ခဲ့သောသီတင်းပတ်က မောင်ကိုးခရိုင်၌ ကြက် ၁၅ကောင် သေဆုံးခဲ့ကြောင်း၊ သို့ရာတွင် တားဆီးကာကွယ်ရေး အစီအမံများဖြင့် ထိန်းချုပ်နိုင်ခဲ့ကြောင်း ပန်ချိုင်း၏ ပြောကြားချက်ကို ဗန်ကောက်ပို့စ်က ကိုးကားဖော်ပြသည်။

ထိုင်းနိုင်ငံ၌ ၂၀၀၄ခုနှစ်ကစပြီး ကြက်ငှက်တုပ်ကွေးဖြစ်ပွားခဲ့ရာ လူသို့ကူးစက်မှု ၂၄ကြိမ်ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်ဟေ၊ဆင်ဟွာ**

စစ်သုံ့ပန်းဘဝ ကျူးဘားတို့ နှိပ်စက်ခံရဆိုမှု
မက်ကိန်း မဟုတ်မမှန် ပြောခြင်းဖြစ်ဟုဆို

ဟာဗားနား ဖေဖော်ဝါရီ ၁၃

အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီ ကိုယ်စားလှယ်လောင်းအဖြစ် အရွေးခံရရန် အလားအလာ ရှိနေသည့် ဂျွန်မက်ကိန်းက ဗီယက်နမ် စစ်သုံ့ပန်းများကို ကျူးဘားတို့က ညှဉ်းပန်းနှိပ်စက်သည်ဆိုခြင်းမှာ မဟုတ်မမှန်ပြောဆိုခြင်းသာဖြစ်ကြောင်း ကျူးဘားခေါင်းဆောင် ဖီဒယ် ကက်စထရိုက ဖေဖော်ဝါရီ ၁၁ရက်တွင် ပြောကြားလိုက်သည်။

မာယာမီ၌ ဂျွန်မက်ကိန်းက အကြိုရွေးကောက်ပွဲအတွက် ကျူးဘားပြည်ပြေးများအား မဲဆွယ်စည်းရုံးရာတွင် ဗီယက်နမ်နိုင်ငံက ၄င်းအား အမေရိကန် စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးထားသည့် ကျူးဘားနိုင်ငံသား နှစ်ဦးက ညှဉ်းပန်းနှိပ်စက်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ရေးသား

ကျူးဘား တော်လှန်ရေးသမားများအပေါ် ဂျွန်မက်ကိန်း၏ စွပ်စွဲချက်များမှာ လူ့ကျင့်ဝတ်ကို သွေဖည်ခြင်းသက်သက်ဖြစ်ကြောင်း ဖီဒယ် ကက်စထရိုက ရေးသားလိုက်သည်။

စစ်သုံ့ပန်းအဖြစ်

ဂျွန်မက်ကိန်းသည် အမေရိကန်ရေတပ်လေယာဉ်မှူးတစ်ဦး ဖြစ်ကာ ၁၉၆၇ခုနှစ်တွင် ပစ်ချခံရပြီး ငါးနှစ်ကြာ စစ်သုံ့ပန်းအဖြစ် နေခဲ့ရသူဖြစ်သည်။

ဂျွန်မက်ကိန်းက မေရီလင်းပြည်နယ် အနာပိုလစ်မြို့၌ မဲဆွယ်စည်းရုံးစဉ် ယင်းကိစ္စအတွက် ဖီဒယ် ကက်စထရိုကို တုံ့ပြန် ဝေဖန်လိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဇမ်ဘီယာနိုင်ငံ မြောက်ပိုင်း ကာရီဘာမြို့၌ တည်ဆောက်ထားသည့် ကာရီဘာရေလှောင်တမံကို ဖေဖော်ဝါရီ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

အရောင်းသမားဆိုတာ....

ကွန်ပျူတာအရောင်းဆိုင်တစ်ခု၌ ဝယ်ယူသူတစ်ဦးအား ကွန်ပျူတာဝယ်ယူရန် မည်သို့မျှတွန်းအားမပေးနိုင်ဘဲဖြစ်နေရာ ပါးနပ်သောအရောင်းဝန်ထမ်းတစ်ဦး ရောက်ရှိလာပြီး-

အရောင်းဝန်ထမ်း။ ။ကွန်ပျူတာဝယ်မလို့လား ဆရာ။
ဝယ်ယူသူ ။ ။စဉ်းစားနေဆဲပါ။
အရောင်းဝန်ထမ်း။ ။ဒီကွန်ပျူတာက ဆရာ့အခက်အခဲ ၅၀ရာခိုင်နှုန်းကိုတာဝန်ယူဖြေရှင်းပေးနိုင်ပါတယ်။
ဝယ်ယူသူ ။ ။ဟုတ်လား၊ ဒါဆိုကွန်ပျူတာနှစ်လုံးယူမယ်။

နိုင်ငံတကာသတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

အမေရိကန် အကြိုသမ္မတရွေးကောက်ပွဲများ ဗာဂျီးနီးယားနှင့်မေရီလင်းပြည်နယ်များ၌ စတင်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမှ ပြည်သူများသည် အမေရိကန် အကြိုရွေးကောက်ပွဲအတွက် မဲပေးနေကြသည်။

ဗာဂျီးနီးယားပြည်နယ်၌အမေရိကန်သမ္မတအကြို ရွေးကောက်ပွဲမဲပေးမှုများကို ဖေဖော်ဝါရီ၁၂ရက် အင်္ဂါနေ့ ဒေသစံတော်ချိန် နံနက်၆နာရီတွင် စတင်သည်။ မေရီလင်းပြည်နယ်နှင့် ကိုလံဘီယာခရိုင်တို့တွင် တစ်နာရီနောက်ကျပြီး စတင်ခြင်းဖြစ်သည်။

အကြိုရွေးကောက်ပွဲ

ဒီမိုကရက်တစ်ပါတီမှ အိုဘားမားက မေရီလင်းပြည်နယ်၊ ဗာဂျီးနီးယားပြည်နယ်နှင့် ကိုလံဘီယာခရိုင် အကြိုရွေးကောက်ပွဲများတွင် မျှော်လင့်ချက်ထားသည်။

မျှော်လင့်ထား

အိုဘားမား၏ပြိုင်ဘက် အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန် **(ယာအပေါ်ပုံ)** ကမူ မတ်လတွင်ပြုလုပ်မည့် အိုဟိုင်းယိုးပြည်နယ်နှင့်တက္ကဆပ်ပြည်နယ် အကြိုရွေးကောက်ပွဲများကို အနိုင်ရမည်ဟု မျှော်လင့်ထားသည်။

ရီပတ်ဘလီကင် သမ္မတလောင်းရရှိရေး ယှဉ်ပြိုင်ရာတွင် ဂျွန်မက်ကိန်းက ရှေ့မှ အပြတ်ပြေးလျက်ရှိသည်။

အကြိတ်အနယ်

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်နှင့် အိုဘားမားတို့နှစ်ဦးစလုံးသည် ပါတီညီလာခံ၌ သမ္မတရွေးကောက်ပွဲတွင် ပါတီကိုယ်စားပြုသည့် ယှဉ်ပြိုင်အရွေးခံရသူဖြစ်ရေး အကြိတ်အနယ်ကြိုးပမ်းလျက်ရှိသည်။နှစ်ဦးစလုံးမှာ ပါတီကိုယ်စားပြု ဝင်ရောက်ရေးအတွက် ညီလာခံကိုယ်စားလှယ်မဲအရေအတွက်ရရန် များစွာလိုသေးသည်။

ပြိုင်ဘက်

လောလောဆယ် ရေတွက်ရရှိသမျှ ကိုယ်စားလှယ်ဦးရေမှာ ဒီမိုကရက်တစ်ပါတီမှဟီလာရီကလင်တန်ကပြည်နယ် ၁၂ခုတွင် ကိုယ်စားလှယ် ၁၁၄၇ဦးရရှိထားပြီး ပြိုင်ဘက် အိုဘားမားက ၁၃ ပြည်နယ်တွင် ကိုယ်စားလှယ်၁၁၂၄ဦး ရရှိနေသည်။

ဟီလာရီကလင်တန်သည် မဲဆွယ်စည်းရုံးရေးမန်နေဂျာအသစ် တစ်ဦးကို ခန့်လိုက်သည်။ ဖေဖော်ဝါရီ ၁၉ရက် အင်္ဂါနေ့တွင် ဝစ်စကွန်ဆင် ပြည်နယ်၌ ဒီမိုကရက်တစ်ပါတီရော ရီပတ်ဘလီကင်ပါတီပါ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ထိုနေ့တွင်ပင် ရီပတ်ဘလီကင်ပါတီဝင် ကိုယ်စားလှယ်လောင်း သုံးဦးတို့သည် ဟာဝိုင်ယီ၌ ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

(အင်တာနက်)

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

သတိလက်လွတ် ဆုံးမခဲ့ပါလျှင်...

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ လေးနှစ်အရွယ်ကလေးငယ်တစ်ဦးအား ဖခင်ဖြစ်သူက ဆုံးမရာမှ သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ဒမတ်စကတ်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် ၄၄နှစ်အရွယ်ရှိ ဆူတန်ဟာနစ်အမည်ရှိ ဖခင်တစ်ဦးက နေအိမ်တွင် စာရွက်စာတမ်းများဖြင့် အလုပ်လုပ်နေစဉ် သားငယ်က အဆိုပါစာရွက်စာတမ်းများအား ယူငင်ဆော့ကစားသည်ကို ရုတ်တရက်ဒေါသထွက်ကာ ကလေးငယ်ဦးခေါင်းကို လက်ဖြင့်ခပ်ကြမ်းကြမ်း ရိုက်မိခဲ့ရာ ကလေးငယ်လဲကျသွားခဲ့သည်။ သားငယ်သတိမရတော့သဖြင့် ဆေးရုံသို့ အမြန်သယ်ယူဆေးကုသခဲ့သော်လည်း ဦးခေါင်းခွံအက်ကာ သွေးယိုစိမ့်ခဲ့မှုကြောင့် ကလေးငယ်သေဆုံးသွားခဲ့ရာ ဖခင်ဖြစ်သူ ယူကျုံးမရ ကြေကွဲခဲ့ရသည်။

ထို့ကြောင့် ကလေးငယ်များအား ဒေါသအလျောက် သတိလက်လွတ်မဆုံးမသင့်ကြောင်း သင်ခန်းစာယူဖွယ်ရာပင်...

မောင်မောင်မြင့်ဆွေ

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

ဘောလုံးကစားနေသည့် စက်ရုပ်

ဟွန်ဒါကုမ္ပဏီမှ ဘောလုံးကန် စက်ရုပ်တစ်ခုကို တီထွင်ထုတ်လုပ်လိုက်ရာ ဘောလုံးကစားနေသည့် လှုပ်ရှားမှုကို ဤသို့မြင်တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)



အရှိန်လွန် တိမ်းမှောက်

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း အင်ရှန်ပြည်နယ်ရှိ တံတားတစ်စင်းပေါ်မှ အရှိန်လွန်ပြီး တိမ်းမှောက်ခဲ့သော မော်တော်ကားတစ်စီး၏ မြင်ကွင်းကို ဖေဖော်ဝါရီ ၁၂ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပြည်တွင်းသုံးစွဲမှု လိုအပ်ချက်များပြား ပြည်ပမှဆန်များ ဘင်္ဂလားဒေ့ရှ်တင်သွင်း

ဒါကာ ဖေဖော်ဝါရီ ၁၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခုနှစ်၌ အိန္ဒိယမှဆန်တန်ချိန်ငါးသိန်း အပါအဝင် စုစုပေါင်း ဆန်တန်ချိန် ၅၆၇၀၀၀ တန်ကို တင်သွင်းရန် ခွင့်ပြု ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ဖေဖော်ဝါရီ ၁၂ရက်၌ သတင်းထုတ်ပြန်သည်။

သဘောတူညီ

ထိုသို့ ဆန်တန်ချိန်ပိုမိုတင်သွင်းရခြင်းမှာ ပြည်တွင်းလိုအပ်ချက် ပိုမိုများပြားလာခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်၌ အစိုးရအချင်းချင်း သဘောတူညီမှုအရ အိန္ဒိယမှ ဆန်များကို တင်သွင်းရခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

နှစ်နိုင်ငံသဘောတူညီမှုအရ ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၉ဒေါ်လာခန့်နှင့် ဈေးနှုန်းသတ်မှတ်ပြီး တင်သွင်းရန်လည်း အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်အရာရှိများ သဘောတူညီခဲ့ကြသည်။

တင်ဒါခေါ်ယူ

အဆိုပါ ဆန်များမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာမည့်ဇွန်လဆန်း၌ ရောက်ရှိလာမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ဆန်တန်ချိန် ငါးသိန်းအပြင် အခြားလိုအပ်သောဆန်များမှာ ပြည်ပနိုင်ငံအချို့မှ တင်ဒါခေါ်ယူမှာယူခြင်းဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာမှခင်းဖြစ်ရပ်

ဒေါသရှေ့ထား မှားခဲ့လေပြီ

ကင်တွန်မြို့သည် အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် အရှေ့ပိုင်းကမ်းရိုးတန်းတွင် တည်ရှိသည့် မြို့ကလေးတစ်မြို့ဖြစ်သည်။ လူဦးရေတစ်သိန်းကျော်နေထိုင်ပြီး အေးချမ်းဆိတ်ငြိမ်သည်။

ကင်တွန်မြို့တွင်ရဲအရာရှိဟောင်း ဘော်ဘီကတ်ဂျူနီယာ **(ယာပုံ)** နေထိုင်သည်။ အသက်၂၀အရွယ်တွင် ဥပဒေဘွဲ့ရကာ ရဲအရာရှိလောင်းသင်တန်းကို တက်ရောက်ပြီး ၂၁နှစ်အရွယ်တွင် အရာရှိဖြစ်ခဲ့ပြီးနောက် လုပ်ငန်းခွင်သို့ ဝင်ရောက်ခဲ့တော့သည်။

ဘော်ဘီကတ်သည် ၂၃နှစ်အရွယ်တွင် ယင်းမြို့မှ သူ့ထက်လေးနှစ်ငယ်သော ဂျက်ဆီဒါဗစ်



ဆိုသူ မိန်းမချော ကလေးနှင့် လက်ထပ်ခဲ့ပြီး သာယာစိုပြည်သော အိမ်ထောင်ရေးဘဝကို ထူထောင်နိုင်ခဲ့သည်။ ယခုအခါ သူ၏အသက်မှာ ၃၀ရှိနေပြီး သားဖြစ်သူ ဘလိတ်ခ်မှာ သုံးနှစ်နီးပါးသာရှိသေးသည်။ လောကအလယ်တွင် သူတို့ သားအဖနှစ်ဦးသာ ယောင်လယ် လယ်ဖြင့် ကျန်ရစ်ခဲ့သည်။ လူလားမမြောက်သေးသော သားဖြစ်သူကို လူလားမြောက်အောင် သူ့အနေဖြင့် ကျွေးမွေး စောင့်ရှောက်ခွင့် ရမှရပါတော့မလားဟု တွေးမိသောအခါ ရင်ထဲတွင် တင်းကျပ်နေအောင် ခံစားရပြန်သည်။ သိစိတ်က အတိတ်ဟောင်းကိုမေ့ထားပါလျက် မသိစိတ်ကပြန်လည်ပြီး အလိုလို စဉ်းစားနေမိပြန်သည်။ သူ့ကိုယ်သူ သေသေချာချာ သုံးသပ်မိသောအခါ အားလုံးသည် သူ၏အမှားဖြစ်နေသည်ကို သတိထားမိတော့ အရာအားလုံးသည် သူ့အတွက် နောက်ကျသွားချေပြီ။

မကြောင့်မကြ ထားနိုင်ခဲ့

သူရဲအရာရှိအဖြစ် အသက် ၂၉နှစ်အထိ ရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ရိုးသားအေးဆေးစွာ နေတတ်သော ဘော်ဘီကတ်သည် အလုပ်တွင် စိတ်ဖိစီးမှုများကြောင့် အသက် ၃၀ အရွယ်တွင် အလုပ်မှနုတ်ထွက်ခဲ့ပြီး မိသားစုနှင့် အေးချမ်းစွာနေထိုင်ခဲ့သည်။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ထို့နောက် မိသားစု စားဝတ်နေရေးအတွက် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုတွင် ဥပဒေအကြံပေးအဖြစ် လုပ်ကိုင်ခဲ့သည်။ မိသားစုကို မတောင့်မတ မကြောင့်မကြ ထားနိုင်ခဲ့သည်။

ဘဝတစ်ခုလုံးကြေမွပျက်စီး

ဘော်ဘီကတ်တွင် ဘလိတ်ခ်ဆိုသည့် သုံးနှစ်အရွယ် သားတစ်ဦးနှင့် ဇနီးတွင် ကိုးလသမီးအရွယ် ရင်သွေးငယ်ကို လွယ်ထားရသည်။ ဘော်ဘီကတ်သည် ငွေကြေးကို ချွေတာစုဆောင်းသကဲ့သို့ တစ်ခါတစ်ရံ အပြင်ထွက် လည်ပတ်လေ့ရှိသည်။ တစ်ကြိမ်တွင် ထိုသို့ လည်ပတ်ရန် ဇနီးသည်အားခေါ်ရင်းမှ မထင်မှတ်သော သူ့ဘဝတစ်ခုလုံးကြေမွပျက်စီးစေခဲ့သည့် ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

ထိုနေ့ကား ၂၀၀၇ခုနှစ် ဇွန်လ၏ နေ့တစ်နေ့ဖြစ်သည်။ သူကဇနီးအား အပြင်ထွက်လည်ရန် ခေါ်သော်လည်း ကိုယ်ဝန်အရင့်အမာရှိနေသော ဇနီးက ငြင်းဆန်ကာ သူ့ကိုလည်း အပြင်မထွက်ရန် တားမြစ်ပြီး သူ၏လက်ကိုဆွဲထားခဲ့သည်။ သူ့ဆန္ဒကိုမလိုက်လျောသဖြင့် ရုတ်တရက်ဒေါသထွက်ကာ လက်ကိုဆောင့်ရုန်းလိုက်သဖြင့် ဇနီးသည်မှာ ခြေပစ်လက်ပစ်လဲကျကာ ကိုယ်ဝန်ကို ထိခိုက်မိပြီး ငြိမ်သက်သွားတော့သည်။ ကြောက်လန့်နေသော ဘော်ဘီကတ်သည် ဇနီး၏အလောင်းကို သူ၏ ကားပေါ်တင်ကာ ဂွမ်းကပ်နှင့်ပတ်ပြီး လူသူ အရောက်အပေါက်နည်းသည့် ဥယျာဉ်ကြီးတစ်ခုအတွင်း ပစ်ထားခဲ့သည်။ တစ်ပတ်ကျော်မျှအကြာတွင် ထိုအလောင်းကို လူများက တွေ့ရှိရာမှ ဘော်ဘီကတ်ကို ရဲတပ်ဖွဲ့က ဇနီးအားသတ်မှုဖြင့်ရုံးတင်တရားစွဲခဲ့သည်။ အမှုကို ထိုအချိန်မှစ၍ စစ်ဆေးခဲ့ရာ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဘော်ဘီကတ်က ဇနီးသည်မှာ သူ့လက်ချက်ဖြင့် သေဆုံးခဲ့ရကြောင်း၊ မရည်ရွယ်ဘဲ မတော်တဆသေဆုံးခဲ့ရကြောင်း ထွက်ဆိုခဲ့တော့သည်။

မည်သို့ပင်ဆိုစေ ဒေါသရှေ့ထားမှားခဲ့သော ဘော်ဘီကတ်သည် တဒင်္ဂဒေါသကို ချွန်းမအုပ်ခဲ့သဖြင့် ဇနီးသေဆုံးခဲ့ရသကဲ့သို့ သူကိုယ်တိုင်လည်း ဥပဒေကပေးသော အပြစ်ဒဏ်ကိုခံယူပြီး လူမမည်သားကလေးကိုလည်း ရင်အုပ်မကွာ မစောင့်ရှောက်နိုင်သည့်အဖြစ်နှင့် ကြုံနေရသည်မှာ လူတိုင်း သင်ခန်းစာယူဖွယ်ဖြစ်ရပ်အဖြစ် တင်ပြလိုက်ရပါကြောင်း။ ။

ရိုးသားအေးဆေးစွာနေတတ်သော ဘော်ဘီကတ်သည် အလုပ်တွင် စိတ်ဖိစီးမှုများကြောင့် အသက်၃၀ အရွယ်တွင် အလုပ်မှနုတ်ထွက်ခဲ့

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကင်ညာ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် နေအိမ်များကိုစွန့်ခွာထွက်ပြေးရသူ ခြောက်သိန်းခန့်ရှိ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၃

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲပြီးနောက် အကြမ်းဖက်မှုများဖြစ်ပွားခဲ့၍ ပြည်သူ ၆၀၀၀၀၀ ခန့် နေအိမ်များကို စွန့်ခွာထွက်ပြေးကြသည်ဟုယုံကြည်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ပြောကြား

အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒုက္ခသည်များစခန်း၌ ဒုက္ခသည်ပေါင်း ၃၀၀၀၀၀ရှိကြောင်း၊ **(ယာပုံ)**သို့သော် အခြားဒေသများတွင်လည်း ယင်းပမာဏအရေအတွက် ရှိနေကြောင်းကုလသမဂ္ဂအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ အကြီးအကဲက ပြောကြားသည်။

အကြမ်းဖက်မှုများကြောင့် ထွက်ပြေးလာကြသူ ရာထောင်ချီသောပြည်သူများ နေစရာမရှိဖြစ်နေပြီး ယင်းတို့၏ သူငယ်ချင်းအပေါင်းအသင်း မိတ်ဆွေများနှင့် ပူးပေါင်းနေကြကြောင်း ဒုက္ခသည်စခန်းပေါင်း ၃၀၀ကျော်ရှိကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများ အစိကာရုဏ်းဖြစ်ပွား



အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၃

ပါကစ္စတန်နိုင်ငံမြို့တော်အစ္စလာမ္မာဘတ်မြို့၌ ဖေဖော်ဝါရီ ၉ ရက်က ရဲတပ်ဖွဲ့နှင့် ဆန္ဒပြမှုကို စတင်လှုံ့ဆော်ဆောင်ရွက်ခဲ့သည့် ရှေ့နေများ ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း နယူးစ် နယ်စပ် အင်တာ နေရှင်နယ် သတင်းအေဂျင်စီက ရေးသားဖော်ပြသည်။

ဖမ်းဆီး

ရာပေါင်းများစွာသော ရှေ့နေများသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၃ ရက်က ဖမ်းဆီးထားသော ရှေ့နေချုပ်ဟောင်း ချောင်ဒရီ၏ အကျယ်ချုပ်ထားသည့် နေအိမ်သို့ ချီတက်ဆန္ဒပြခဲ့ရာ ရဲတပ်ဖွဲ့က ရှေ့နေအချို့ကို ဖမ်းဆီးလိုက်သည်။

ဆန္ဒပြ

ဆန္ဒပြသူ ၅၀၀ခန့်သည် ချောင်ဒရီ၏ပုံတူများကိုင်ဆောင်လျက်မြို့တော်အစ္စလာမ္မာဘတ်မြို့ရှိ ကြယ်ငါးပွင့်အဆင့် ဟိုတယ်နှင့် အစိုးရအဆောက်အအုံများ အပြင်ဘက်၌ ဆန္ဒပြခဲ့ကြသည်။

စတင်ဖြစ်ပွား

ဆန္ဒပြချီတက်လာသော ရှေ့နေများသည် ရဲတပ်ဖွဲ့ဝင်များ တားဆီးပိတ်ပင်ထားသည့် အတားအဆီးများကို ဖယ်ရှားရန် ကြိုးစားရာမှ ဆန္ဒပြသူများနှင့်ရဲတပ်ဖွဲ့တို့ ပဋိပက္ခစတင်ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

ဒဏ်ရာရရှိ

ဆန္ဒပြရှေ့နေများက ရဲတပ်ဖွဲ့ကို ခဲများနှင့် ပစ်ပေါက်ခဲ့သဖြင့် ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများအသုံးပြု လူစုခွဲခဲ့ရကြောင်း၊ ယင်းပဋိပက္ခကြောင့် ရှေ့နေအချို့နှင့်အရပ်သားအချို့ ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယူနန်ပြည်နယ်နှင့် အာဆီယံ သုံးနိုင်ငံအကြား မီးရထားလမ်းများ ဖောက်လုပ်သွားမည်

ကူမင်း ဖေဖော်ဝါရီ ၁၃

တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ပိုင်းဒေသသည် ဗီယက်နမ်၊ မြန်မာ၊ ထိုင်းနိုင်ငံများနှင့် ဆက်သွယ်သည့် နိုင်ငံတကာ မီးရထားလမ်းလေးလမ်းတည်ဆောက်သွားရန် အရှိန်မြှင့်တင် ဆောင်ရွက်နေကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ မီးရထားလမ်းများကို ဖောက်လုပ် တည်ဆောက်ပေးခြင်းဖြင့် ယူနန်ပြည်နယ်နှင့် အာဆီယံသုံးနိုင်ငံအကြား ပို့ဆောင်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ကျင်ကွမ်ရောင်းက ပြောကြားသည်။ တရုတ်နိုင်ငံကူမင်းနှင့် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တို့အကြား ဆက်သွယ်ဖောက်လုပ်သည့် မီးရထားလမ်းသည် ၂၀၀၉ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။

စတင်တည်ဆောက်

တရုတ်-ဗီယက်နမ်နယ်စပ် ယူနန်ပြည်နယ် မန်စီမီးရထားလမ်းကိုယခုနှစ်တွင် စတင် တည်ဆောက်သွားမည်ဟု ဆိုသည်။

ယူနန်ပြည်နယ်နှင့် ဆက်သွယ်ဖောက်လုပ်မည့်မီးရထားလမ်း လေးလမ်းတွင် တရုတ်-မြန်မာ မီးရထားလမ်း၊ ကူမင်း-ဗန်ကောက် မီးရထားလမ်းများလည်း အပါအဝင်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းအစိုးရသစ် အခြေခံစီးပွားရေး တိုးတက်ရန် ဆောင်ရွက်မည်

ဗန်ကောက် ဖေဖော်ဝါရီ ၁၃

ထိုင်းအစိုးရသစ်သည် အောက်ခြေစီးပွားရေး တိုးတက်ရေး၊ အသေးစားနှင့် အကြီးစား စီးပွားရေးလုပ်ငန်းများ တိုးတက်စေရန် ဘတ်ငွေဘီလီယံ ၁၁၀ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၃ ဘီလီယံ) သုံးစွဲမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် စက်မှုဝန်ကြီး ဆူဝစ်က ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

ပြောကြား

ထိုင်းအစိုးရသည် ကျေးလက်ရန်ပုံငွေ ဘတ်ဘီလီယံ ၃၀ ရှိကြောင်း ဆူဝစ်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အရှေ့တီမောသမ္မတ သေနတ်ပစ်ခံရပြီးနောက် မြို့တော်၌ မငြိမ်မသက်ဖြစ်ပွားနေ

ဒီလီ ဖေဖော်ဝါရီ ၁၃

အရှေ့တီမောမြို့တော် ဒီလီ၌ သမ္မတ ဟိုဆေးရာမို့စ်ဟော်တာ သူပုန်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ခံရပြီးနောက် မြို့တော်လမ်းများပေါ်တွင် မငြိမ်မသက်ဖြစ်ပွားနေကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အရေးပေါ်အခြေအနေကြေညာ

ထိုသို့ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ဒုတိယခေါင်းဆောင်က နိုင်ငံ၏ အရေးပေါ်အခြေအနေကို ကြေညာလိုက်သည်။ ယင်းနောက် ရဲတပ်ဖွဲ့နှင့် နိုင်ငံတကာတပ်ဖွဲ့ဝင်များက ကင်းလှည့်နေသည်ဟု ဆိုသည်။

ဒဏ်ရာပြင်းထန်

မစ္စတာရာမို့စ်ဟော်တာသည် သေနတ်ဖြင့် အပစ်ခံရသည့်ဒဏ်ရာမှာ ပြင်းထန်စွာ ခံစားနေရသည်။

သူပုန်အဖွဲ့က ဝန်ကြီးချုပ် ဂတ်စမာအိုကိုလည်း ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ သို့သော်လည်း ၎င်းသည် ဒဏ်ရာရခဲ့ခြင်းမရှိဟုဆိုသည်။ **(အင်တာနက်)**

အရှေ့တီမောနိုင်ငံ ဒီလီမြို့၌ လုံခြုံရေး မငြိမ်သက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်နေသည်ကို တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

သီရိလင်္ကာ၌ တိုက်ပွဲဖြစ်ပွား

ကိုလံဘို ဖေဖော်ဝါရီ ၁၃

သီရိလင်္ကာ မြောက်ပိုင်း ဂျက်ဖနာကျွန်း၌ ဖေဖော်ဝါရီ ၁၁ရက်က အစိုးရတပ်ဖွဲ့ဝင်များနှင့် တမီးလ် ကျားသူပုန်များ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ရာ တမီးလ်ကျားသူပုန် ၄၀ ခန့် သေဆုံးသွားကြောင်း အစိုးရက ပြောကြားသည်။

အဆိုပါတိုက်ပွဲတွင် သီရိလင်္ကာအစိုးရတပ်ဖွဲ့ဝင် ၁၀ဦးလည်း သေဆုံးခဲ့သည်ဟု ဆိုသည်။ တမီးလ်ကျားသူပုန်များနှင့် အစိုးရတပ်ဖွဲ့ဝင်များသည် ၁၉၈၃ခုနှစ်ကတည်းက နိုင်ငံ၏မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ တိုက်ပွဲများ ဖြစ်ပွားနေခဲ့သည်။

(အင်တာနက်)

ကန်တပ်ဖွဲ့ဝင်တစ်ဦး ဂျပန်၌မုဒိမ်းမှုဖြင့် ဖမ်းဆီးခံရ

တိုကျို ဖေဖော်ဝါရီ ၁၃

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါစီရင်စု၌ အသက် ၁၄ နှစ်အရွယ်ရှိ ဂျပန်မိန်းကလေးတစ်ဦးအား မုဒိမ်းကျင့်မှုဖြင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

ပြောကြား

အဆိုပါဖြစ်စဉ်ကြောင့် မဟာမိတ်နှစ်နိုင်ငံအကြား တင်းမာမှုများ ဖြစ်လာနိုင်ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

အတူရှိနေ

အသက် ၃၈နှစ်ရှိ အဆိုပါ မရိန်းတပ်ဖွဲ့ဝင်နှင့် ဂျပန်မိန်းကလေးငယ်တို့သည် ဖေဖော်ဝါရီ ၁၀ ရက်က ကားတစ်စီးထဲ၌ အတူရှိနေခဲ့ကြောင်း အိုကီနာဝါစီရင်စုရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

အများစု

အသေးစိတ်စစ်ဆေးမှုများ ဆက်လက် ပြုလုပ်နေသည်ဟုဆိုသည်။ ဂျပန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀၀ နေထိုင်လျက်ရှိရာ အများစုမှာ အိုကီနာဝါတွင်ရှိသည်။

ဆန္ဒပြ

၁၉၉၅ ခုနှစ်က ဂျပန်ကျောင်းသူတစ်ဦးအား အမေရိကန်စစ်သားသုံးဦးက မုဒိမ်းကျင့်ခဲ့သဖြင့် အဆိုပါစီရင်စုကျွန်း၌ ဆန္ဒပြမှုအကြီးအကျယ်ဖြစ်ပွားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ မက္ကဆီကိုနိုင်ငံတောင်ပိုင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်က အင်အားရစ်ချ်စတာ စကေး ၆ ဒသမ ၄ ရှိ ငလျင်လှုပ်ခဲ့ကြောင်း မက္ကဆီကိုနိုင်ငံမှ သတင်းထုတ်ပြန်သည်။

● **တရုတ်နိုင်ငံ ကိုင်ကျိုးပြည်နယ် ကျွမ်ယီမြို့အနီး မြစ်ထဲသို့ ဖေဖော်ဝါရီ ၁၂ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး အရှိန်လွန်ပြီး ထိုးကျခဲ့ရာ ၁၄ ဦး သေဆုံးခဲ့သည်။**

❒ အင်ဂိုလာနိုင်ငံတောင်ပိုင်း နာမီဘီဆိပ်ကမ်း ကမ်းလွန်တွင် ဖေဖော်ဝါရီ ၁၂ ရက်က ရေနံတင်သင်္ဘောတစ်စင်းနှင့် ငါးဖမ်းသင်္ဘောတစ်စင်းတို့ တိုက်မိခဲ့ရာ သင်္ဘောသားသုံးဦး ပျောက်ဆုံးလျက်ရှိသည်။ **(အောက်ပုံ)**

● **ပီရူးနိုင်ငံ ပီစကိုမြို့တွင် ဖေဖော်ဝါရီ ၁၂ ရက်က လေးထပ်အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ ရှစ်ဦးပွဲချင်းပြီး သေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့သည်။**

❒ ပါပူအာ နယူးဂီနီနိုင်ငံ၌ ဖေဖော်ဝါရီ ၁၂ ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် လေးဦးသေဆုံးခဲ့သည်။

● **ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ဖေဖော်ဝါရီ ၁၂ ရက်က ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင် မီးလောင်မှုဖြစ်ပွားရာ လူထိခိုက်ဒဏ်ရာရမှုမရှိသော်လည်း ပျက်စီးဆုံးရှုံးမှု များပြားခဲ့ရသည်။**

❒ အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျားဗားပြည်နယ်တွင် ဖေဖော်ဝါရီ ၁၂ ရက်က ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရမှုကြောင့် အသက် ၁၅ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး သေဆုံးသွားခဲ့ရာ အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၁၀၃ ဦးရှိပြီ ဖြစ်သည်။

● **ဂရိနိုင်ငံ ရောမမြို့မြောက်ဘက် မိုင် ၂၁၀ ခန့်အကွာရှိ ကျေးရွာတစ်ရွာအနီး၌ ဖေဖော်ဝါရီ ၁၂ ရက်က ရှေးခေတ်နှစ်ပေါင်း ၁၈၀၀ ခန့်မှ ကျောက်ရုပ်တု အချို့ကို တွေ့ရှိရသည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၄-၂-၂၀၀၈

အိန္ဒိယ-အာဖရိကထိပ်သီးအစည်းအဝေး ကျင်းပမည်

အိန္ဒိယနှင့်အာဖရိကထိပ်သီး အစည်းအဝေးကို လာမည့်မတ်လ၌ အိန္ဒိယနိုင်ငံတွင် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားလိုက်သည်။

အိန္ဒိယနှင့်အာဖရိက ၁၄ နိုင်ငံတို့မှ ခေါင်းဆောင်များက စီးပွားရေး၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ပညာရေးနှင့်စွမ်းအင်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန် ဆွေးနွေးကြမည်ဖြစ်သည်။

ကူဝိတ်နှင့် ဆီးရီးယား ကဏ္ဍစုံပူးပေါင်းရန် သဘောတူ

ကူဝိတ်နှင့်ဆီးရီးယားနှစ်နိုင်ငံတို့ အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကျန်းမာရေးကိစ္စများရပ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီလိုက်ကြသည်။

ထိုသို့သဘောတူညီမှုကို ကူဝိတ်ဝန်ကြီးချုပ် ရှိတ်နာဆာမိုဟာမက်အယ်ဆာဘတ်၏ ဆီးရီးယားနိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်ခရီးစဉ်အတွင်း သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

လူနာနှစ်ကူးပွဲတော်အတွင်း ဗီယက်နမ်၌ ၂၁၆ ဦး သေဆုံး

ဗီယက်နမ်နိုင်ငံ၌ ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အတွင်း ကျင်းပခဲ့သည့် လူနာနှစ်သစ်ကူးပွဲတော်ကာလအတွင်း မော်တော်ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးသူ စုစုပေါင်း ၂၁၆ ဦးရှိခဲ့ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

အဆိုပါကာလအတွင်း ယာဉ်မတော်တဆဖြစ်မှုပေါင်း ၃၁၅ မှု ဖြစ်ပွားခဲ့ရာ ဒဏ်ရာရသူ ၃၃၆ ဦးရှိခဲ့သည်ဟု ဗီယက်နမ်အရာရှိများက ဆက်လက်ပြောကြားသည်။

ရုရှားနှင့် တောင်အာဖရိက အာကာသနှင့် နျူကလီးယား ပူးတွဲဆောင်ရွက်

ရုရှားနှင့် တောင်အာဖရိကနှစ်နိုင်ငံတို့သည် အာကာသနှင့်နျူကလီးယား ကိစ္စရပ်များနှင့် ပတ်သက်ပြီးပူးပေါင်း ဆောက်ရွက်သွားကြရန် သဘောတူညီလိုက်သည်။

ရုရှားနိုင်ငံက အာကာသနည်းပညာများ၊ သုတေသနပြုမှုများကို ယခုသတင်းပတ်အတွင်း နှစ်နိုင်ငံကိုယ်စား လှယ်များက မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ ထို့အတူနျူက လီးယား စွမ်းအင်ထုတ်လုပ်မှုနှင့် ပတ်သက်၍လည်း လာမည့်မေလတွင် နှစ်နိုင်ငံပူးတွဲကော်မတီ အစည်းအဝေးတစ်ရပ် ပြုလုပ်ရန်စီစဉ်ထားသည်။

ကာဘူးလ်ရှိ နော်ဝေသံရုံး ခေတ္တပိတ်ထားခဲ့ရ

အာဖဂန်နစ္စတန်မြို့တော် ကာဘူးလ်တွင် ဖွင့်လှစ်ထားသော နော်ဝေသံရုံးကိုခေတ္တပိတ်ထားခဲ့ရကြောင်း အာဖဂန်နစ္စတန်ရှိ နော်ဝေသံရုံးမှ အရာရှိများက ပြောကြားသည်။

ကာဘူးလ်ရှိ အမေရိကန်သံရုံးကို တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ထားသည့် သတင်းနှင့်စာများ လက်ခံရရှိပြီးနောက် သံရုံးကို ခေတ္တပိတ်ထားလိုက်ခြင်းဖြစ်သည်။

ပြင်သစ်နှင့်ဘရာဇီး စစ်လက်နက်ပစ္စည်း ပူးတွဲထုတ်လုပ်မည်

ပြင်သစ်နှင့်ဘရာဇီး နှစ်နိုင်ငံတို့သည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုတစ်ရပ်ကို ၂၀၀၈ ခုနှစ်ကုန်၌ သဘောတူလက်မှတ်ရေးထိုး နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးနည်းပညာဆိုင်ရာနှင့် တိုက်လေ ယာဉ်များ ထုတ်လုပ်ရေးအတွက်လည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွား ကြရန် ပြင်သစ်သမ္မတ နီကိုလက်စ်ဆာကိုဇီနှင့် ဘရာဇီးသမ္မတလူးဝစ်အင်နာစီရို လူလာဒါဆီးလ်ဗားတို့က မှုအားဖြင့် သဘောတူညီခဲ့ကြပြီဖြစ်သည်။

ကမ္ဘောဒီးယား၏ အသင့်ချုပ်အဝတ်အထည် တင်ပို့မှုမြင့်တက်

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၇ ခုနှစ်က အသင့်ချုပ်အဝတ်အစားများနှင့် အထည်အလိပ်များ ပြည်ပတင်ပို့မှုမှာ တစ်နိုင်ငံလုံး ပြည်ပကုန်ပစ္စည်းတင်ပို့မှု၏ ၉၃ ဒသမ ၉၄ ရာခိုင်နှုန်းအထိရှိကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

ထိုသို့ ကမ္ဘောဒီးယား၏ အဝတ်အစားများနှင့် အထည်အလိပ်များ အဓိက တင်ပို့သော နိုင်ငံများမှာ ဥရောပနိုင်ငံများဖြစ်ပြီး ၂၀၀၇ ခုနှစ်က အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၂၇ ဘီလီယံအထိ ရရှိခဲ့သည်။

အာဂျင်တီးနား၌ ရေနံသိုက်ကြီးတစ်ခုတွေ့ရှိ

အာဂျင်တီးနားနိုင်ငံ ချူဘတ်ပြည်နယ်တောင်ပိုင်းတွင် ရေနံသိုက်ကြီးတစ်ခု ရှာဖွေတွေ့ရှိခဲ့ကြောင်း အာဂျင်တီးနားအရာရှိများက ပြောကြားသည်။

အဆိုပါ ရေနံသိုက်တွေ့ရှိသည့် နေရာမှာ ဇျူနိုအေရိစ်မြို့တောင်ဘက် ကီလိုမီတာ ၁၄၀၀ခန့်အကွာရှိ အရပ်ဒေသ၌ ဖြစ်ပြီး ရေနံအများအပြား ထုတ်ယူရရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

ဘဝဒဿနအမြင်

■ *Time tries truth.*

အချိန်သည် အမှန်တရားကို ဖော်ပြသည်။

အီစွပ်ပုံပြင်

■ ***Life is short and time is swift.***

ဘဝသည် တိုတောင်းပြီး အချိန်တို့သည် ကုန်မြန်လွန်းလှ၏။

ဂျေအာရ်အာရ်တိုကိန်း (အင်္ဂလိပ် စာရေးဆရာ)

ပါပူအာနယူးဂီနီနိုင်ငံ

သတင်းအက်ဆေး

တိုး-ရေးသားသည်

ပါပူအာ နယူးဂီနီနိုင်ငံသည် အရှေ့တောင်အာရှ ပစိဖိတ်သမုဒ္ဒရာ အနောက်တောင်ပိုင်းတွင် တည်ရှိသည်။ ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ကျွန်းဖြစ်သည့် နယူးဂီနီကျွန်း၏ အရှေ့ဘက်ခြမ်းနှင့် အခြားကျွန်းငယ်များဖြင့် ဖွဲ့စည်းထူထောင်ထားသည့် နိုင်ငံဖြစ်သည်။

နေထိုင်ကြ

ပါပူအာနယူးဂီနီ နိုင်ငံသည် မီးတောင်ပေါက်ကွဲမှု၊ မြေငလျင်လှုပ်မှုနှင့် ပင်လယ်ဒီလှိုင်းရိုက်ခတ်မှု ဒဏ်တို့ကို ဆိုးရွားစွာ ခံစားရသည့်နိုင်ငံဖြစ်သည်။ ထို့ပြင် ဤနိုင်ငံသည် တိုင်းရင်းသား လူမျိုးစုအများဆုံး မှီတင်းနေထိုင်သည့် နိုင်ငံလည်းဖြစ်သည်။ တိုင်းရင်းသား လူမျိုးစုပေါင်း ၇၀၀ ကျော်ရှိသည်။ ပြည်သူ ၈၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။

ဤနိုင်ငံသားများသည် ၁၆ရာစုက တရုတ်နှင့်မလေး အင်ပါယာမှ ကုန်သင်္ဘောများနှင့် အရောင်းအဝယ် ပြုလုပ်သည်။ ၁၅၂၆ခုနှစ်တွင် ပေါ်တူဂီသင်္ဘောသား ဂျော့ဒီမီနီဆက်သည် ဤနိုင်ငံသို့ ပထမဆုံးရောက်လာသည့် ဥရောပတိုက်သားဖြစ်သည်။ ၁၅၄၆ ခုနှစ်တွင် စပိန်နယ်သစ်ရှာဖွေသူဒင်နီဂို အော်တစ်ဒီရက် တက်ရောက်လာပြီး ဤကျွန်းသားများမှာ အာဖရိကတိုက်မှ ဂီနီနိုင်ငံသားများနှင့် တူကြသည့်အတွက် ဤကျွန်းကြီးကို နယူးဂီနီကျွန်းဟု မှည့်ခေါ်သည်မှစ၍ နာမည်တွင်သွားသည်။ လက်ရှိမြို့တော် ပို့မော်စဘီမှာလည်း ၁၈၇၃ ခုနှစ်က ဗြိတိန် နယ်သစ်ရှာဖွေသူ တစ်ဦး၏ အမည်ကို အစွဲပြု၍ နာမည်တွင်လာခြင်းဖြစ်သည်။

၁၈၈၄ ခုနှစ်တွင် ဗြိတိန်က နယူးဂီနီကျွန်း အရှေ့တောင်ပိုင်းကို လက်အောက်ခံအဖြစ် သွတ်သွင်းပြီး ဂျာမနီက နယူးဂီနီကျွန်းမြောက်ပိုင်းကို သိမ်းသည်။ ၁၉၀၆ ခုနှစ်တွင်ဗြိတိန်က လွတ်လပ်သော ဩစတြေးလျ ဓနသဟာယအဖွဲ့သို့ လွှဲအပ်ပေးလိုက်သည်။ ထို့ပြင် ပါပူအာနယ်မြေဟု အမည်ပြောင်းလိုက်သည်။ ပထမကမ္ဘာစစ်ကြီးအတွင်း ၁၉၁၄ ခုနှစ်တွင် ဂျာမနီပိုင် နယူးဂီနီကိုဩစတြေးလျတပ်များက ဝင်ရောက်သိမ်းပိုက်သည်။ ၁၉၄၂ ခုနှစ်တွင် တစ်ကျွန်းလုံးကို ဂျပန်တပ်များက သိမ်းပိုက်လိုက်သည်။

ထူထောင်

၁၉၄၉ခုနှစ် ဇူလိုင်တွင် ပါပူအာနှင့် နယူးဂီနီနယ်မြေနှစ်ခုလုံးအတွက် ပူးတွဲအုပ်ချုပ်ရေးကို ဩစတြေးလျက ထူထောင်ပေးသည်။ ၁၉၆၃ ခုနှစ် မေလတွင် အနောက်နယူးဂီနီကို အင်ဒိုနီးရှားသို့ ကုလသမဂ္ဂကလွှဲပေးသည့်အခါ ယနေ့တိုင်ပါပူအာဒေသဟု အမည်တွင်သည်။

ပါပူအာနယူးဂီနီနိုင်ငံ၏မြို့တော် ပို့မော်စဘီ

လက်ရှိနိုင်ငံကို ၁၉၇၁ ခုနှစ် ဇူလိုင်လတွင် ပါပူအာနယူးဂီနီဟု အမည်ပြောင်းလိုက်သည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြီး ၁၉၇၅ ခုနှစ် စက်တင်ဘာလတွင် ဩစတြေးလျလက်အောက်မှ လုံးဝလွတ်လပ်ရေး ရရှိသည်။ ဆာမိုက်ကယ် ဆိုမာရီမှာ ပါပူအာနယူးဂီနီနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၇၇ ခုနှစ် တွင် လွတ်လပ်ရေးရပြီးနောက် ပထမဆုံး ပါလီမန်ရွေးကောက်ပွဲ ကျင်းပသည်။

၁၉၇၅ ခုနှစ်တွင် ဩစတြေးလျနိုင်ငံလက်အောက်မှ ပါပူအာနယူးဂီနီနိုင်ငံကို လွတ်လပ်ရေးရအောင် ဦးဆောင်ကြိုးပမ်းသူ ဆာမိုက်ကယ် ဆိုမာရီမှာ ၂၀၀၇ခုနှစ် ဩဂုတ်လတွင် ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ဆက်တိုက်ရွေးချယ်တင်မြှောက် ခံရသည်။ ဤသည်မှာ ဝန်ကြီးချုပ် တာဝန်ကို လေးကြိမ်မြောက်အဖြစ် တာဝန်ယူခြင်းဖြစ်သည်။ သူ့ကို ပြည်သူတို့က ချစ်မြတ်နိုးစွာ အကြီးအကဲဟုသာ ခေါ်ကြသည်။

ရင်ဆိုင်နေရ

ရာဇဝတ်မှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ဖြစ်ပွားမှုနှုန်း မြန်ဆန် များပြားလာသည့် အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေး အပါအဝင် ဖြေရှင်းပေးရမည့် လူမှုရေး စိန်ခေါ်မှုများကို ဝန်ကြီးချုပ်ဆာမိုက်ကယ်ရင်ဆိုင်နေရသည်။

မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို မိမိတို့ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံကို ရည်ညွှန်းသည့်အလား ပါပူအာနယူးဂီနီဝန်ကြီးချုပ် ဆာမိုက်ကယ်က ထုတ်ဖော်ကြေညာလိုက်သည်။ထို့ပြင် မိမိတို့အိမ်နီးချင်း နိုင်ငံများကို လိုအပ်သည်အခါ၌ လိုအပ်သလို ကူညီပေးသွားမည်ဟုလည်း ပြောကြားလိုက်သည်။

အဓိကမှီခို

လူမျိုးစု ၇၀၀ကျော်ရှိသည့် ဤနိုင်ငံ၌ လူမျိုးစုအများအပြားသည် တောတောင်ထူထပ်သည့် နေရာများ၌ ကိုယ့်အစုနှင့်ကိုယ် နေထိုင်ကြ၍ တစ်မျိုးနှင့်တစ်မျိုး အဆက်အသွယ်မရှိ ထီးထီးနေထိုင်ကြသည်။ ပြင်ပကမ္ဘာနှင့် ဆက်ဆံရကောင်းမှန်းပင် သိကြဟန်မတူပေ။ စိုက်ပျိုးရေးကိုသာ အဓိကမှီခိုအားထားနေကြသည်။

ဤနိုင်ငံ၌ စိုက်နိုင်ပျိုးနိုင်သည့် မြေယာအမျိုးအစားမှာ ကျဉ်းမြောင်းသည်။

ကျွန်းငယ်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပါပူအာနယူးဂီနီနိုင်ငံ၏ တည်နေရာပြမြေပုံ။

ကော်ဖီ၊ကိုကိုးအပါအဝင် ငွေပေါ်သည့် ရောင်းကုန်အချို့ကိုသာ စိုက်နိုင်သည်။ သည်အထဲ ရာသီဥတုပြောင်းလဲမှု ပြဿနာများက မသေးလှ။ အယ်လ်နီညိုရာသီဥတုဖောက်ပြန်မှုကြောင့် ဆိုရမည်ဖြစ်သည့် ကာလရှည်စွာ မိုးခေါင်သဖြင့် ၁၉၉၇ ခုနှစ် စက်တင်ဘာလတွင် အစိုးရက တစ်နိုင်ငံလုံး ကပ်ဆိုက်မှု အခြေအနေကိုကြေညာရသည်။ လူ၁၀၀၀ကျော် သေဆုံးပြီး ပြည်သူ ၁ ဒသမ ၂ သန်း အငတ်ဘေးနှင့်ရင်ဆိုင်ခဲ့ရသည်။ ၁၉၉၈ ခုနှစ် ဇူလိုင်လက ဆူနာမီပင်လယ်ဒီလှိုင်း သုံးကြိမ်ရိုက်ခတ်မှုကြောင့် ကျေးရွာအများအပြားပျက်ရပြီး လူ ၃၀၀၀ သေဆုံးခဲ့သည်။ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ရေမြုပ်တော့မည့် ယော့ခ်မြို့စားကြီးကျွန်း၌ နေထိုင်သူ ၁၀၀၀ တို့ကို ရွှေ့ပြောင်းပေးရမည့်တာဝန်ကလည်း အာဏာပိုင်များ ခေါင်းခဲစေရသည်။

ထုတ်သုံးမကုန်အောင် သဘာဝအရင်းအမြစ်များ ကြွယ်ဝနေသည့် သစ်တောများက သစ်ခုတ်လုပ်ငန်းကို ခွင့်ပြုထားပါ၏။ သို့သော် ထိုလုပ်ငန်းကို မလေးရှားကုမ္ပဏီများက လက်ဝါးကြီးအုပ်ထားသည်။

အခွင့်အလမ်း

ရွှေ၊ ကြေးနီ၊ နီကယ်အပါအဝင် သတ္တုတူးဖော်ရန် အခွင့်အလမ်းကောင်းများရှိသည်။ သို့သော် လျှပ်မြောင်၊ ချိုင့်ဝှမ်းများနှင့် လမ်းပန်းဆက်သွယ်ရေးက အဟန့်အတားဖြစ်နေပြန်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေတွေ့ရှိထားပြီဟု ဆိုသည်။ ထိုထိုသော သဘာဝအရင်းအမြစ်များက ပါပူအာနယူးဂီနီနိုင်ငံတွင် အနာဂတ်ထွန်းပြောင်ရေးကို အမြန်ဆုံး ဖော်ဆောင်ပေးနိုင်မည်ဟုပြည်သူတို့က မျှော်လင့်လျက်ရှိသည်။ ။**(အင်တာနက်)**

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

မြန်မာပြည်ထောင်စုကြီး၏သမိုင်းကို ပြည်ထောင်စုသားမြန်မာများ ရေးသားကြမည်

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

"ပြည်ထောင်စုမြန်မာနိုင်ငံ" ဟူသည် မြန်မာတို့ စုစည်းနေထိုင်ကာ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ အတူတကွ–ဥမကွဲ သိုက်မပျက် ဝံသာနုရက္ခိတတရား (ပြည်ထောင်စုစိတ်ဓာတ်) ကိုယ်စီဖြင့် သမိုင်း တစ်လျှောက် လျှောက်လှမ်းခဲ့ကြသော ဆွေမျိုးမိသားစုများ၏ နိုင်ငံ ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင် ဘုရင်အုပ်စိုးသော(ပဒေသရာဇ်)နိုင်ငံ၊ အချို့က တစ်ပြည်ထောင်စနစ်၊ အချို့က ပြည်ထောင်စု၊ အချို့က ဘုရင်အုပ်စိုးမှုနှင့် ပါလီမန်ဒီမိုကရေစီ ပူးတွဲထားသော စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသောနိုင်ငံ၊ အချို့က အာဏာရှင်စနစ် ကျင့်သုံးသောနိုင်ငံ၊ အချို့နိုင်ငံများမှာ နယ်ချဲ့ကိုလိုနီ(ဝါ)တိုင်းခြားသားတို့ လွှမ်းမိုးခြယ်လှယ်ခံထားရသော သြဇာခံနိုင်ငံစသည်ဖြင့် အမျိုးမျိုးရှိကြသည်။

အချို့နိုင်ငံများတွင် လူမျိုးစုအများအပြား ရှိနေသော်လည်း တစ်ပြည်ထောင်စနစ်ဖြင့်သာ ရှိနေကြသည် (ဥပမာတရုတ်ပြည်သူ့သမ္မတနိုင်ငံ)။ ကမ္ဘာတွင် ပြည်ထောင်စု ဖွဲ့စည်းတည်ထောင်သော နိုင်ငံပေါင်းနှစ်ဆယ်ကျော်ရှိသည်။ ပြည်ထောင်စုတွင်လည်း တိုင်းရင်းသားလူမျိုးများ၏ ပြည်နယ်များ၊ သီးခြားသတ်မှတ်ထားသော ပြည်နယ်များ၏ အစုအပေါင်း ပြည်ထောင်စု၊ တိုင်းရင်းသားလူမျိုးအလိုက် ပြည်နယ်များ၊ ပြည်နယ်မခွဲဘဲ အုပ်ချုပ်ရေးအရသာ နယ်ပယ်ဒေသအလျောက် သတ်မှတ်ပိုင်းခြားထားသော ပြည်ထောင်စု ဟူ၍ ရှိသည်။ (ဥပမာ အမေရိကန်ပြည်ထောင်စု)။ ပြည်ထောင်စု ဖွဲ့စည်းသော နိုင်ငံများရှေ့တွင် Union, United စသည့် ရှေ့ဆက် စာလုံးများ ပါလေ့ရှိသည်။ **'ပြည်ထောင်စု'** ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။

သီးခြား အချုပ်အခြာအာဏာပိုင်နိုင်ငံများ စုပေါင်းထားသော ပြည်ထောင်စုမျိုးလည်းရှိသည်။ Confederation ဟု ဆိုကြသည်။ ၁၇၇၆ခုနှစ်က စတင်တည်ထောင်သော အမေရိကန်ပြည်ထောင်စုသည် အချုပ်အခြာအာဏာ သီးခြားပိုင် ၁၃နယ် စုပေါင်းထားသော Confederation ဖြစ်သည်။ နောင်တွင် နိုင်ငံလုံခြုံရေး၊ တည်ငြိမ်ရေး၊ ကာကွယ်ရေးအတွက် စုစည်းသောအင်အားမျိုး မရနိုင်သဖြင့် ယနေ့ အမေရိကန်ပြည်ထောင်စု၏ပုံစံကို ပြောင်းလဲဖွဲ့စည်းခဲ့သည်။

မြန်မာပြည်ထောင်စုကား အဓိက တိုင်းရင်းသားလူမျိုးများ၏ ပြည်နယ်များ၊ တိုင်းရင်းသားစုံတို့ ယှဉ်တွဲနေထိုင်ကြသည့် တိုင်း (ဒေသကြီး)တို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုဖြစ်သည်။ တိုင်းရင်းသား အားလုံး၏ မိသားစုနိုင်ငံ(ဝါ)ပီပြင်သော ပြည်ထောင်စု စစ်စစ်ပင် ဖြစ်သည်။ အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သော အခြေခံမူများတွင် တိုင်းရင်းသားလူမျိုးတိုင်း၏ အချုပ်အခြာအာဏာ ကျင့်သုံးခွင့်၊ အခြေခံရပိုင်ခွင့်များကို အလေးအနက်ထား ဖော်ပြထားပေသည်။ ပြည်ထောင်စုကြီး၏ မည်သည့်အစိတ်အပိုင်းမျှ ခွဲမထွက်ရဟူသော နိုင်ငံတော် အခြေခံမူကြီးဖြင့် တိုင်းရင်းသားစုံ မိသားစုတို့၏ သီရိဂေဟာ(ဝါ) ရွှေရောင်ဝင်းလက်သော ပြည်ထောင်စုကြီး ကမ္ဘာသက်နှင့်အတူ တည်တံ့ခိုင်မြဲရေးကို အာမခံထားလေသည်။ အမျိုးသားညီလာခံကြီးမှ ချမှတ်သည့် ထိုအခြေခံမူကြီးများဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မရှင်က ခိုင်မာကောင်းမြတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေးဆွဲနေကြပြီဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ(ဝါ)တစ်မြေပေါ် အတူဖွား သွေးချင်းသားချင်း တိုင်းရင်းသားတို့၏ ဇာတိချက်ကြွေမွေးရပ်မြေသည် ဇာတိပုည(ဝါ)ရှေးအစဉ်အဆက် သမိုင်းကြောင်းကောင်းမြတ်ခဲ့သော မြန်မာတို့၏ မွေးရပ်မြေဖြစ်ပြီး ပြည်ထောင်စုသားတို့ ဂုဏ်ယူဝင့်ကြွားနိုင်လောက်အောင် သမိုင်းကြောင်း ထွန်းပြောင်ပေသည်။

ဤမြေသည် မနေ့တစ်နေ့ကမှ ပေါ်ထွန်းလာသော မြေသစ်မဟုတ်။ ပုံတောင်ပုံညာသမိုင်း အထောက်အထားအရ ဤမြေ၏ သက်တမ်း၊ ဤမြေပေါ်မှ လူတူပရိုင်းမိတ်များ၏ သက်တမ်းသည် နှစ်သန်းပေါင်း လေးဆယ်ကျော်ခဲ့ပြီ ဖြစ်သည်။ လူ့ယဉ်ကျေးမှု အရဏ်တက်ချိန် (ကျောက်ခေတ်လူသားများခေတ်)၌ ဤမြေပေါ်တွင် ရှေးမြန်မာကြီးများဟုဆိုရမည့် လူသားတို့ရှိခဲ့ကြောင်း တောင်ကြီးခရိုင် ရွာင်မြို့နယ် ပြဒါးလင်း ဂူစုနှင့် ရောဝတီမြစ်ရိုးတစ်လျှောက် ရှာဖွေတွေ့ရှိရသော ကျောက်ခေတ်သုံးပစ္စည်း၊ လက်နက်၊ နံရံဆေးရေး ပန်းချီကားများက သက်သေပြထားပြီးဖြစ်သည်။

မြန်မာတို့က ယဉ်ကျေးမှုဟု သုံးနှုန်းသော လူသားတို့၏ နေထိုင်စားသောက်၊ ဝတ်ဆင်၊ အိုးအိမ်တည်ဆောက်မှုများ အဆင့်ဆင့် တိုးတက်လာမှုဖြစ်စဉ် (Civilization)သည် ဤမြန်မာ့မြေ၌ ကျောက်ခေတ်ကတည်းက သန္ဓေတည်ပေါက်ဖွားခဲ့ပြီဟု ဝင့်ကြွားနိုင်သည်။ မြန်မာတို့က ယဉ်ကျေးမှုဟုပင် သုံးနှုန်းသော လူသားတို့၏ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ဘာသာစကား၊ ကိုးကွယ်မှု စသည့် ဦးနှောက်အသိပိုင်း ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကလည်း တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ စစ်ကိုင်း၊ ပင်းယ၊ တောင်ငူ၊ ကုန်းဘောင်၊ ရတနာပုံခေတ်စဉ်မှသည် ယနေ့အထိ ထည်ဝါခဲ့ညားစွာ ဖြစ်တည်ရှင်သန်လျက်ရှိပေသည်။

ဤမြန်မာ့မြေတွင် အဓိက ဝမ်းစာဖြစ်သော ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်းစသည့် ကောက်ပဲသီးနှံများ စိုက်ပျိုးနိုင်သည့် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံမြေများ ကြွယ်ဝသည်။ သဘာဝကပေးသော မုတ်သုံမိုးရေ၊ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ အင်းရေ၊ အိုင်ရေများအပြင် လူတို့၏ဉာဏ်သဟဖြင့် ဖြစ်ပေါ်လာသော ဆည်မြောင်းတာတမံ ရေလှောင်ကန်များ၊ ရေတွင်းရေကန်များကလည်း သောက်သုံးရေချို အပေါကြွယ်ဆုံး နိုင်ငံများစာရင်း၌ ထိပ်မှရှိကြောင်း ပြသနေပေသည်။

မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်မှ မြေသယံဇာတ၊ ရေသယံဇာတများကလည်း ထုနှင့်ထည်နှင့်ရှိနေသည်။ လူတို့ မြတ်နိုးတန်ဖိုးထားကြသော ရွှေ၊ ငွေ၊ ပတ္တမြား ကျောက်သံများလည်း ကြွယ်ဝသည်။ ကမ္ဘာတွင် အကြီးဆုံးဟု စံချိန်တင်နိုင်သည့် ပတ္တမြား၊ နီလာ၊ ပုလဲ၊ ဂေါ်ကြိုး၊ ကျောက်စိမ်းများ ဤနိုင်ငံ၌ရှိသည်။ ကမ္ဘာကြိုက် အကောင်းဆုံး ကျွန်း၊ ပျဉ်းကတိုး စသည့် အဖိုးတန်သစ်တောကြီးများကလည်း နိုင်ငံမြေ၏ တစ်ဝက်ခန့်ကို ဖုံးအုပ်ထားလျက်ရှိသည်။ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးစသည့် စွမ်းအင်လောင်စာများလည်း ပေါကြွယ်လှပေသည်။ ထို့ကြောင့်လည်း လွတ်လပ်ရေးရရှိချိန်မှစပြီး ယနေ့တိုင် (နောင်အနာဂတ်အထိ) မြန်မာတို့ သီဆိုကြွေးကြော်သော နိုင်ငံတော်သီချင်း၌ **"ဒို့ဘိုးဘွား အမွေစစ်မို့ ချစ်မြတ်နိုးပေ၊ ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ကာကွယ်မလေ၊ ဒါဒို့ပြေ(ပြည်) ဒါဒို့မြေ–ဒို့ပိုင်နက်မြေ"** ဟု သရုပ်ဖော် ဥဒါန်းကျူးထားခြင်း ဖြစ်သည်။

"မြန်မာ" ဟူသော ဝေါဟာရသည် ဤမြေပေါ်မှ ဇာတိဖွားမိသားစု (Family)များ၊ ဆွေမျိုးစု(Clan)များ၊ လူမျိုးနွယ်စု (Tribe) များ၊ လူမျိုးစု(National Races-Nationalities)များအားလုံး၏ စုပေါင်း နိုင်ငံသားလူမျိုး၏ စုပေါင်းနာမည်ဖြစ်လေသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူ၍ တိုင်းရင်းသား မျိုးနွယ်စု များဖြင့် စုစည်းထားသော ဤပြည်ထောင်စုတွင် သွေးသားရင်းချာ မျိုးနွယ်စုများကလည်း အမျိုးပေါင်း တစ်ရာကျော်လေသည်။

ဤပြည်ထောင်စုသည် မျိုးနွယ်အားဖြင့် တစ်ရာကျော်၊ အရေအတွက်အားဖြင့် ၅၆သန်းကျော်သော ညီအစ်ကိုမောင်နှမတို့၏ မြေ၊ တိုင်းရင်းသားစုံ သွေးချင်းတို့၏ မြေဖြစ်သည်။ ဤမြေ၏ သမိုင်းသည် တိုင်းရင်းသားစုံတို့၏ သမိုင်းပင်ဖြစ်သည်။ မြေပြန့်ဒေသများတွင် ရှမ်း၊ ချင်း၊ ကရင်၊ ကချင်၊ ရခိုင်၊ မွန် စသည့် တိုင်းရင်းသားများ ရောယှက်ယှဉ်တွဲနေထိုင်လျက်ရှိသည်။ ဗမာအပါအဝင် အခြား တိုင်းရင်းသားများစွာသည်လည်း တောင်ပေါ်ဒေသများ၌ ဖြန့်ကြက်နေထိုင်လျက်ရှိသည်။

ဤပြည်ထောင်စုမြေကို တိုင်းရင်းသားစုံ လက်ချင်းယှက်၊ ကျောချင်းကပ်၍ စည်းလုံးညီညွတ်စွာ ကာကွယ်ခဲ့သည်။ ကျူးကျော်သူများကို တွန်းလှန်တိုက်ထုတ်ခဲ့သည်။ ဆုံးရှုံးသွားသောလွတ်လပ်ရေးကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပြန်လည်တိုက်ယူခဲ့သည်။ နယ်ချဲ့များကို သူ့ကျွန်မခံ တွန်းလှန်တိုက်ခိုက်မှုများ (၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ်)၊ အမျိုးဘာသာသာသနာ လွတ်လပ်ရေးအတွက် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဖတပလ၊ ဖ...
ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်...
တပ်မတော် စသည့် လွတ်လပ်ရေးကြိုးပမ်းမှု...
၁၉၄၈ခုနှစ်)တွင် တိုင်းရင်းသားစုံ ပါဝင်ခဲ့...
လှပေသည်။

**လွတ်လပ်ရေးကို စောင့်ရှောက်ကာကွ...
လွတ်လပ်ရေးအရသာကို တိုင်းရင်းသား ပြ...
စံစားနိုင်စေရန် ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပ...
ရေမြေသယံဇာတများဖြင့် ပြည်ထောင်စုကြီး...
ရေကန်ထဲချလိုက်သည့်နှယ်) ဖွံ့ဖြိုးတိုးတက...
ဆောင်ရွက်မှုတို့တွင်လည်းကောင်း တိုင်းရင်းသ...
ခွန်အား၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားက...
ပါဝင်ခဲ့ပေသည်။ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ...
တိုင်းရင်းသားစုံခေါင်းဆောင်များ၏ အမြော်အ...
စာချုပ်(ဝါ)တိုင်းရင်းသားစုံ စည်းလုံးညီညွတ်မှ...
ချမှတ်နိုင်ခဲ့သည်။ ဤမြေ၌ စုစည်းသော နိ...
အနော်ရထာမင်းစောက ပထမအကြိမ်၊ ...
ကျော်ထင်နော်ရထာက ဒုတိယအကြိမ်၊ ကုန်...
မင်းတရားကြီး (ဦးအောင်ဇေယျ)က တတိယ...
သည်။ ယင်းဘိုးမွေဘွားမွေ နိုင်ငံမြေကို ယ...
ညီအစ်ကို မောင်နှမများက အစည်းမပြေ ပြ...
စေရန်၊ ပြည်ထောင်စု၏ အချုပ်အခြာ တည်...
သား စည်းလုံးညီညွတ်မှုခွန်အားဖြင့် ကာကွယ်...
ဖွံ့ဖြိုးတိုးတက်မှုများဖြင့် ပြည်ထောင်စုကြီး...
ထက်မြက်စွာ ဖော်ဆောင်လျက်ရှိနေကြသည်...**

**ဤမြန်မာတို့၏ ပြည်ထောင်စုကို (၁)...
ပြည်ထောင်စုဖြစ်လာစေရန် ပြည်တွင်းငြိမ်းချ...
ရယူထားကြပြီး (၂)ခေတ်မီဖွံ့ဖြိုးတိုးတက်သေ...
စေရန် ဘက်ပေါင်းစုံဖွံ့ဖြိုးရေး တည်ဆောက်...
ပတ်ဝန်းကျင်ဖြင့် ဒီဌမွေ အားထုတ်အကော...
(၃)တိုင်းရင်းသားပြည်သူတို့ ပိုင်ဆိုင်အပ်သေ...
(ဝါ)လွတ်လွတ်လပ်လပ် ကိုယ့်နိုင်ငံကောင်း...
နိုင်ငံတော် အာဏာရပ်ကြီးကို ဒီမိုကရေစီန...
အခြေခံမူများကို တိုင်းရင်းသားစုံ ကိုယ်စား...
တက်ရောက်သည့် အမျိုးသားညီလာခံက တ...
နောက် တိုင်းရင်းသားလူမျိုးစုံ ပါဝင်သော ဥပ...
လူမှုရေး၊ အုပ်ချုပ်ရေး ကျွမ်းကျင်ပြီး ...
ပညာရှင်များက အခြေခံဥပဒေမူကြမ်းကို ရေ...
မည်ဖြစ်သည်။**

ထို့ကြောင့် တိုင်းရင်းသားစုံ သွေးချင်းတို့...
စည်းလုံးညီညွတ်မှုဖြင့် အေးချမ်းသာယာ၍ ...
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်...
တလက်လက် ပြည်ထောင်စုကြီးအဖြစ် မ...
တော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇...
ကြိုးပမ်း အကောင်အထည်ဖော်သွားကြရမည်...

တက္ကသိုလ်မြတ်သူ

**မြန်မာပြည်ထောင်စုကား အဓိက တိုင်းရင်းသားလူမျိုးများ၏ ...
တိုင်းရင်းသားစုံတို့ ယှဉ်တွဲနေထိုင်ကြသည့် တိုင်း (ဒေသကြီး)တို့ဖြ...
သည့် ပြည်ထောင်စုဖြစ်သည်။ တိုင်းရင်းသားအားလုံး၏ မိသာ...
ပီပြင်သော ပြည်ထောင်စုစစ်စစ်ပင် ဖြစ်သည်။ အမျိုးသားညီလာခံ...
ခဲ့သော အခြေခံမူများတွင် တိုင်းရင်းသားလူမျိုးတိုင်း၏ အချုပ်...
ကျင့်သုံးခွင့်၊ အခြေခံရပိုင်ခွင့်များကို အလေးအနက်ထား ဖော်ပြ...
ပြည်ထောင်စုကြီး၏ မည်သည့်အစိတ်အပိုင်းမျှ ခွဲမထွက်ရဟူသေ...
အခြေခံမူကြီးဖြင့် တိုင်းရင်းသားစုံ မိသားစုတို့၏ သီရိဂေဟာ(ဝ...
ဝင်းလက်သော ပြည်ထောင်စုကြီး ကမ္ဘာသက်နှင့်အတူ တည်တ...
အာမခံထားလေသည်။ အမျိုးသားညီလာခံကြီးမှ ချမှတ်သည့် ထို...
များဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မ...
ကောင်းမြတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေးဆွဲနေကြပြီ။**

ဘိုးမွေ ဘွားမွေ နိုင်ငံမြေကို ယနေ့ခေတ် တိုင်းရင်းသား ညီအစ်ကို မောင်နှမများက အစည်းမပြေ ပြည်ထောင်စုမြေ တည်တံ့စေရန်၊ ပြည်ထောင်စု၏ အချုပ်အခြာ တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသား စည်းလုံးညီညွတ်မှုခွန်အားဖြင့် ကာကွယ်စောင့်ရှောက်ရင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများဖြင့် ပြည်ထောင်စုကြီးကို တက်ကြွသွက်လက်ထက်မြက်စွာ ဖော်ဆောင်လျက်ရှိ။

ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဖတပလ၊ ဖဆပလ၊ ရဲဘော်သုံးကျိပ်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မြန်မာ့တပ်မတော် စသည့် လွတ်လပ်ရေးကြိုးပမ်းမှု အဆင့်ဆင့် (၁၈၈၅မှ ၁၉၄၈ခုနှစ်)တွင် တိုင်းရင်းသားစုံ ပါဝင်ခဲ့သည့် သမိုင်းမှာ ခိုင်မာလှပေသည်။

လွတ်လပ်ရေးကို စောင့်ရှောက်ကာကွယ်ရာတွင်လည်းကောင်း၊ လွတ်လပ်ရေးအရသာကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ခံစားစံစားနိုင်စေရန် ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှု၊ ပေါကြွယ်ဝလှသော ရေမြေသယံဇာတများဖြင့် ပြည်ထောင်စုကြီး နေ့ချင်းညချင်း (နတ်ရေကန်ထဲချလိုက်သည့်နှယ်) ဖွံ့ဖြိုးတိုးတက်လာစေရန် အားထုတ်ဆောင်ရွက်မှုတို့တွင်လည်းကောင်း တိုင်းရင်းသားစုံ၏ စည်းလုံးညီညွတ်မှုခွန်အား၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားက ပဓာန အခန်းကဏ္ဍမှ ပါဝင်ခဲ့ပေသည်။ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားစုံခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမှုကြောင့် ပင်လုံ

... တိုင်းရင်းသားလူမျိုးများ၏ ပြည်နယ်များ၊ ...ရှိသည့် တိုင်း (ဒေသကြီး)တို့ဖြင့် ဖွဲ့စည်းထား ...တိုင်းရင်းသားအားလုံး၏ မိသားစုနိုင်ငံ(ဝါ) ... ဖြစ်သည်။ အမျိုးသားညီလာခံကြီးက ချမှတ် ...ရင်းသားလူမျိုးတိုင်း၏ အချုပ်အခြာအာဏာ ...ကို အလေးအနက်ထား ဖော်ပြထားပေသည်။ ...စိတ်အပိုင်းမှ ခွဲမထွက်ရဟူသော နိုင်ငံတော် ... မိသားစုတို့၏ သီရိဂေဟာ(ဝါ) ရွှေရောင် ... ကမ္ဘာသက်နှင့်အတူ တည်တံ့ခိုင်မြဲရေးကို ...ညီလာခံကြီးမှ ချမှတ်သည့် ထိုအခြေခံမူကြီး ...ခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်က ခိုင်မာ ...ခံဥပဒေကြီး ရေးဆွဲနေကြပြီ။

စာချုပ်(ဝါ)တိုင်းရင်းသားစုံ စည်းလုံးညီညွတ်မှုသန္နိဋ္ဌာန်ကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့သည်။ ဤမြေ၌ စုစည်းသော နိုင်ငံတော်အဖြစ် ပုဂံခေတ် အနော်ရထာမင်းစောက ပထမအကြိမ်၊ တောင်ငူခေတ်ဘုရင့်နောင်ကျော်ထင်နော်ရထာက ဒုတိယအကြိမ်၊ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး (ဦးအောင်ဇေယျ)က တတိယအကြိမ် တည်ထောင်ခဲ့ကြသည်။ ယင်းဘိုးဖွားမွေ နိုင်ငံမြေကို ယနေ့ခေတ် တိုင်းရင်းသား ညီအစ်ကို မောင်နှမများက အစည်းမပြေ ပြည်ထောင်စုမြေ တည်တံ့စေရန်၊ ပြည်ထောင်စု၏ အချုပ်အခြာ တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသား စည်းလုံးညီညွတ်မှုခွန်အားဖြင့် ကာကွယ်စောင့်ရှောက်ရင်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများဖြင့် ပြည်ထောင်စုကြီးကို တက်ကြွသွက်လက် ထက်မြက်စွာ ဖော်ဆောင်လျက်ရှိနေကြသည်။

ဤမြန်မာတို့၏ ပြည်ထောင်စုကို (၁) ငြိမ်းချမ်းသာယာသော ပြည်ထောင်စုဖြစ်လာစေရန် ပြည်တွင်းငြိမ်းချမ်းရေးကို လက်တွေ့ကျကျ ရယူထားကြပြီး (၂)ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်လာစေရန် ဘက်ပေါင်းစုံဖွံ့ဖြိုးရေး တည်ဆောက်မှုများကို ငြိမ်းချမ်းသော ပတ်ဝန်းကျင်ဖြင့် ဒိဋ္ဌမမွ အားထုတ်အကောင်အထည်ဖော်နေကြပြီး (၃)တိုင်းရင်းသားပြည်သူတို့ ပိုင်ဆိုင်အပ်သော အချုပ်အခြာ အာဏာ (ဝါ)လွတ်လွတ်လပ်လပ် ကိုယ့်နိုင်ငံကောင်းကျိုး ကိုယ်ဖန်တီးနိုင်သော နိုင်ငံတော် အာဏာရပ်ကြီးကို ဒီမိုကရေစီနည်းကျ ကျင့်သုံးစေမည့် အခြေခံမူများကို တိုင်းရင်းသားစုံ ကိုယ်စားလှယ် တစ်ထောင်ကျော်တက်ရောက်သည့် အမျိုးသားညီလာခံက တညီတညွတ် ချမှတ်ပေးခဲ့ပြီးနောက် တိုင်းရင်းသားလူမျိုးစုံ ပါဝင်သော ဥပဒေပညာရှင်များ၊ နိုင်ငံရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး ကျွမ်းကျင်ပြီး အတွေ့အကြုံကြွယ်ဝသူ ပညာရှင်များက အခြေခံဥပဒေမူကြမ်းကို ရေးဆွဲနေကြရာ ပြီးစီးတော့မည်ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားစုံ သွေးချင်းတို့၏ သမိုင်းပြောင်လှသော စည်းလုံးညီညွတ်မှုဖြင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးကာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် (ဝါ) ရွှေရောင်တလက်လက် ပြည်ထောင်စုကြီးအဖြစ် မရောက်ရောက်အောင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်သွားကြရမည်သာ ဖြစ်ပါသည်။ ။

ဗိုလ်တထောင်မြို့နယ် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်စာပတ်ဝိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးဦးကောင်စီတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်နံနက် ၉ နာရီက အမှတ်(၅)ရပ်ကွက်ရှိ ဘဝမီးအိမ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းရွှဲ့နှင့် အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ တက္ကသိုလ်ပါရဂူ ဘွဲ့ရသူများနှင့် နိုင်ငံတော်အဆင့် ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ခံပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) နံနက်စနာရီတွင် ဗဟန်း မြို့နယ် ကမ္ဘာအေးဘုရားလမ်း (ဗဟန်း ၃ လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ခမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေး

သက်ကြီးပူဇော်ပွဲတွင် အသက် (၇၅)နှစ်နှင့်အထက် အသင်းသူ အသင်းသားများ၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများ၊ တက္ကသိုလ်ပါရဂူဘွဲ့ရသူများနှင့် နိုင်ငံတော်အဆင့် ဂုဏ်ပြုချီးမြှင့်ခံရသူများသည် ဦးစိုးညွန့် (ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) တွဲဖက်အတွင်းရေးမှူး ဖုန်း-၂၉၂၅၀၀၊ ဦးကြိုင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၃၇၁၅၆၃နှင့် ဒေါ်ဥ(အမှုဆောင်) ဖုန်း-၀၉-၈၀-၃၃၉၁၅ တို့သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ရန်ကုန်တိုင်းရုံးတွင် ဖေဖော်ဝါရီ ၇ ရက်ကကျင်းပရာ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၏ အဆိုပြုလွှာ ၁၁၄ စောင်ကို တိုင်းဦးစီးမှူး ဦးသင့်မြတ်သူက ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်ထံ ပေးအပ်စဉ်။ (က-ပ)

မူးယစ်ကင်းစင် အလှဆင်

ဖေဖော်ဝါရီ ၁၂ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဖတ်ကြားစဉ်။ (၁၂၁)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို သာကေတမြို့နယ် အထက(၁) မြဝတီခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင် ဖတ်ကြားစဉ်။ (၁၁၆)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို သန်လျင်မြို့နယ် သီဟဒီပ အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေး ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဗိုလ်တထောင်မြို့နယ် အထက(၆) အောင်ကျော်ခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမော် ဖတ်ကြားစဉ်။ (က-ပ)

ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ

အက်ဖ်အေမှာ အဖြေညှိကြဦးမယ့် မန်ယူနဲ့အာကြီး ချယ်လ်ဆီးနှင့် လီဗာပူး အိမ်ကွင်းမှာ အသက်ရှူချောင်နိုင်ပါ့မလား

စီရိုနယ်ဒို

ပရီမီယာလိဂ်၌ ဂိုးအများဆုံး သွင်းနိုင်သူအဖြစ်ကြိုးစားနေသည့် ဒိုလေး မန်ယူအတွက်ဒီပွဲမှာ ဂိုးတွေသွင်းပေးနိုင်ပါ့မလား . . .။

ရေးသူ–မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၁၃

အင်္ဂလန်ရဲ့ ဘောလုံးသမိုင်းတစ်လျှောက်မှာ သမိုင်းမှတ်တမ်းရှည်လျားတဲ့ အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲဟာ အင်္ဂလန်မှာရှိတဲ့ အတန်းစုံက ဘောလုံးအသင်းတွေပါဝင်ယှဉ်ပြိုင်ကစားကြတာမို့ စိတ်ဝင်စားစရာကောင်းတဲ့ပွဲပါပဲ။ ဒီနှစ်အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ပဉ္စမအဆင့်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၆ ရက်နဲ့ ၁၇ ရက်မှာ ကစားမှာမို့ ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးတွေ အကြိတ်အနယ် နွှဲရမယ့် ပွဲကြီးပွဲကောင်းတွေအဖြစ်ခံစားမှုရသစုံကို ပေးဦးမှာ သေချာပါတယ်။

မန်ယူနှင့် အာဆင်နယ်

ဒီနှစ်သင်းရဲ့အနီးကပ်ဆုံးသုံးကြိမ် ဆုံတွေ့ခဲ့မှုမှတ်တမ်းကို ပြန်ကြည့်ရင် အိုးထရက်ဖို့မှာ မန်ယူက နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးထားပါတယ်။ မန်ယူဟာ အိုးထရက်ဖို့မှာ မန်စီးတီးကို နှစ်ဂိုး–တစ်ဂိုးနဲ့ ရှုံးထားလို့ စိတ်ဖိစီးမှုဒဏ်ကို ခံစားနေရချိန်မှာ အာဆင်နယ်အသင်းနဲ့ အက်ဖ်အေပွဲကျပ်ကစားရတာပါပဲ။

မန်ယူမှာ စီရိုနယ်ဒို ဂိုးသွင်းနိုင်သလို အာဆင်နယ်မှာလည်း အဒီဘာယောက ဂိုးသွင်းသူရဲကောင်းပါပဲ။ ဒီပွဲမှာ နှစ်သင်းစလုံးရဲ့ အမာခံဘောလုံး သမားတွေ အကုန်ကစားနိုင်မယ့် အနေအထားရှိနေတာမို့ ဖာဂူဆန်နဲ့ အာစင်ဝင်းဂါးတို့ရဲ့ အားပြိုင်မှုက အသင်းရဲ့ရလဒ်ကို အပြောင်းအလဲဖြစ်စေပါလိမ့်မယ်။

မန်ယူအတွက် ဒီပွဲမှာ ရှန်နေပြန်ကစားနိုင်သလို အာဆင်နယ်မှာလည်း ဗန်ပါစီပါဝင်ကစားဖွယ်ရှိနေပါတယ်။

ရှန်နေ၊ စီရိုနယ်ဒိုနဲ့ တီဗက်ဇ်တို့ရဲ့ တိုက်စစ်အတွဲဟာ အာစင်ဝင်းဂါးရင်ခုန်သံကို မြန်စေပါလိမ့်မယ်။ ဒါပေမယ့် အာကြီး ချာတိတ်တွေရဲ့ အဝေးကွင်း၊ အိမ်ကွင်းခြေစွမ်းပြနိုင်မှုကလည်း ဖာဂူဆန်ကို အိုးထရက်ဖို့ဒ်မှာ ရင်ထိတ်စရာတွေ ဖြစ်စေဦးမှာပါပဲ။

ဒါပေမယ့် မန်ယူရောအာကြီးပါ ချန်ပီယံလိဂ်ပွဲစဉ်တွေ ကပ်နေတာမို့ အမာခံကစားသမား အကုန်ထုတ်သုံးပါ့မလားဆိုတာ တွေးစရာပါပဲ။ ပူပူနွေးနွေးအဖြစ် ဒီနှစ်ပရီမီယာလိဂ် ပထမအကျော့အဝေးကွင်းမှာ မန်ယူတို့က အာကြီးကို နှစ်ဂိုးစီသရေကစားထားတာမို့ ဒီနှစ်သင်း အားချင်းညီမျှနေတဲ့ အတွက်သရေရလဒ်ပဲထွက်သွားမလား ဆိုတာ တွေးမိပါတယ်။

ချယ်လ်ဆီးနှင့် ဟက်ဒါဖီးလ်

သမိုင်းမှတ်တမ်းမှာတော့ ဒါဖီးလ်တို့ ချယ်လ်ဆီးကို အနိုင်ရတဲ့ မှတ်တမ်းမရှိသလောက်ပါပဲ။ တတိယတန်းကလပ်ဟက်ဒါဖီးလ်ဟာ ချယ်လ်ဆီးရဲ့ စတမ်းဖို့ဒ်ဘရစ်ကွင်းမှာ ဂိုးတွေ အလှူပေးပြီး အိမ်ပြန်ရမယ့်ကိန်းကြုံနိုင်ပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ပွဲစဉ်လည်းရှိ၊ တတိယတန်းကလပ်အသင်းတစ်သင်းနဲ့ကစားရမှာမို့လူကုန်မထုတ်ဘဲ ချယ်လ်ဆီးတို့ ပေါ့ဆဆ ကစားမယ်ဆိုရင်ရေတိမ်နစ်တဲ့အဖြစ်နဲ့လည်း ကြုံတွေ့သွားနိုင်ပါတယ်။ဟက်ဒါဖီးလ်ဟာ အင်္ဂလန်တတိယတန်း အမှတ်ပေးဇယားမှာ အဆင့်၁၆နေရာမှာ ရပ်တည်နေတာမို့ ချယ်လ်ဆီးတို့ အသာစီးရပြီး အိမ်ကွင်းမှာ နိုင်ပွဲရဦးမယ့်ပွဲပါပဲ။

လီဗာပူးနှင့် ဘန်စလေ

အင်္ဂလန် ဒုတိယတန်း ကလပ်ဘန်စလေကို လီဗာပူးတို့ အန်ဖီးလ်ကွင်းမှာ အနိုင်ရအောင် ကစားပါလိမ့်မယ်။ ပွဲရလဒ်မကောင်းလို့ ဖိအားတွေနဲ့ မွန်းကျပ်နေတဲ့ ဘင်နီတက်ဇ်ဟာ အဖြစ်နိုင်ဆုံး မျှော်လင့်စရာဖြစ်တဲ့ အက်ဖ်အေဖလားကိုတော့ ရယူနိုင်အောင်ကြိုးစားပါလိမ့်မယ်။ ဘန်စလေဟာ ဒုတိယတန်းကလပ် ပြိုင်ပွဲမှာတော့ အဆင့်၁၇နေရာရောက်နေပြီး ဒုတိယတန်းမှာ ၁၅ပွဲကစား၊ တစ်ပွဲသာအနိုင်ရထားတဲ့အသင်းမို့ ဘင်နီတက်ဇ် အသက်ရှူတော့ ချောင်ပါလိမ့်မယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ပွဲ ရှိတာမို့ လီဗာပူးတို့ အင်အားကို ချွေတာသုံးပါလိမ့်မယ်။

ရက်ဖီးလ်နှင့် မစ်ဒယ်ဘရော့

မစ်ဒယ်ဘရော့ဟာ အဝေးကွင်းဆိုပေမယ့် ခြေပျက်နေတဲ့ ဒုတိယတန်းကလပ်ရက်ဖီးလ်ကို ခက်ခက်ခဲခဲရင်ဆိုင်ရပါလိမ့်မယ်။ ရက်ဖီးဟာ အိမ်ကွင်းမှာ ခြေတွေ့ရင်တော့ပြိုင်ဘက်တွေကို ကောင်းကောင်းဒုက္ခပေးတတ်တဲ့အသင်း ဖြစ်ပါတယ်။ ဒါပေမယ့် ရက်ဖီးလ်ရဲ့လက်ရှိခြေစွမ်းကအိမ်ကွင်းမှာ ငါးပွဲနိုင်၊ ခြောက်ပွဲသရေ၊ လေးပွဲရှုံးရလဒ်တွေနဲ့အဆင့် ၁၆ မှာ ထိုင်နေသူမို့ မစ်ဒယ်ဘရော့တို့ စုစည်းမှုအားကောင်းကောင်းနဲ့ အတင်းဝင်၊ အတင်းဖျက်ကစားပြီး အနိုင်ရသွားနိုင်ပါတယ်။

ပရက်စတန်နှင့် ပို့စ်မောက်

အိမ်ကွင်းထက် အဝေးကွင်းမှာ ပိုခြေစွာနေတဲ့ ပို့စ်မောက်တို့က ဒုတိယတန်းမှာ အဆင့် ၂၂နေရာရောက်နေတဲ့ ပရက်စတန်ကိုတော့ သေချာပေါက် အနိုင်ကစားပါလိမ့်မယ်။ ပို့စ်မောက်ဟာ ပရီမီယာလိဂ်မှာတော့ အဝေးကွင်း ၁၄ပွဲကစားပြီးချိန်မှာ ရှစ်ပွဲနိုင် တစ်ပွဲသရေ၊ ငါးပွဲရှုံး ရလဒ်တွေနဲ့ ဖြတ်သန်းနေတဲ့ အသင်းဖြစ်ပါတယ်။ ဒုတိယတန်းကလပ်မှာ တန်းဆင်းဇုန်ထဲ ရောက်နေတဲ့ ပရက်စတန်ဟာ ပို့စ်မောက် တိုက်စစ်ကိုသာဟန့်တားနေရမယ့် အခြေအနေမျိုး ရောက်နေမယ့်ပွဲပါပဲ။

ကိုဗင်ထရီနှင့် ဝက်စ်ဘရွန်း

ဒုတိယတန်းနှစ်သင်း ဆုံတွေ့တဲ့ပွဲမို့ အကြိတ်အနယ် ရှိပါလိမ့်မယ်။ ဒါပေမယ့် ခြေတက်နေတဲ့ ဝက်စ်ဘရွန်းဟာ တန်းမဆင်းရအောင် ရုန်းကန်နေရတဲ့ ကိုဗင်ထရီလိုအသင်းကို အနိုင်ရအောင်ကစားမှာပါ။ ဒုတိယတန်းမှာဒီနှစ်အဝေးကွင်းရလဒ်ကောင်းအောင် ကစားနိုင်တဲ့ ဝက်စ်ဘရွန်းတို့ ကိုဗင်ထရီကို ဘယ်လိုနည်းဗျူဟာနဲ့ ခင်းကျင်းကစားသွားမယ် ဆိုတာ စိတ်ဝင်စားစရာပါ။ အိမ်ကွင်းမှာ မာမာတင်းတင်း ကစားတတ်တဲ့ ကိုဗင်ထရီကို ဝက်စ်ဘရွန်းတို့ အနိုင်ရဖို့ဆိုတာ ခြေကုန်ထုတ်မှ ရမယ်လို့ ထင်ပါတယ်။

ဘရစ္စတိုးလ်ရိုဗာနှင့် ဆောက်သမ်ပတန်

ဒီနှစ်သင်းရဲ့ခြေစွမ်းကအားရစရာ မရှိပါဘူး။ ဆောက်သမ်ပတန်ဟာ ဒုတိယတန်းမှာ အဆင့် ၁၃နေရာမှာ ရှိသလိုဘရစ္စတိုးလ်ကလည်း တတိယတန်းမှာအဆင့် ၁၅ ရောက်နေတဲ့ အသင်းတွေပါ။ ဆောက်သမ်ပတန်မှာ ဆာနန်တို့အုပ်စုကအချိတ်အဆက်မိမိကစားနိုင်တဲ့အပြင် ဂိုးလည်းသွင်းနိုင်ကြတဲ့သူတွေမို့ အကြိတ်အနယ်ကစားပြီး အနိုင်ရလဒ်ကို ဆောက်သမ်ပတန်တို့ သိမ်းပိုက်သွားမယ် ထင်ပါတယ်။

ကာဒစ်နှင့် ဝုဖ်

ဒုတိယတန်း ကလပ်နှစ်သင်းရဲ့ ခြေစွမ်းကကွာခြားမှုတော့သိပ်မရှိပါဘူး။ကာဒစ်ဟာ ဒုတိယတန်းမှာ အိမ်ကွင်းရလဒ် ကောင်းအောင် ကစားနိုင်တဲ့အသင်း ဖြစ်ပါတယ်။ ဒါ့အပြင် အတွေ့အကြုံရင့်ကျက်တဲ့ ကစားသမားတွေ အများကြီးရှိနေတာမို့ ဝုဖ်ထက်အခြေအနေပိုကောင်းပါတယ်။ ဒုတိယတန်းမှာ ကာဒစ်ရဲ့ လက်ရှိရလဒ်ကအိမ်ကွင်း၁၅ပွဲကစားခုနစ်ပွဲနိုင်၊ ငါးပွဲရှုံး၊သုံးပွဲသရေဖြစ်နေတာမို့ ဝုဖ်တို့နဲ့ကစားရင်ကာဒစ်ပျာယာခတ်သွားနိုင်ပါတယ်။ **(မြန်မာ့အလင်း)**

အဒီဘာယော

အာဆင်နယ်အသင်း၌ အဓိက ဂိုးသွင်းသူ နေရာကို ရယူလာသည့် အာကြီးရဲ့ ဂိုးသွင်းသူရဲကောင်း တိုက်စစ်မှူး အဒီဘာယော။

ကင်မရွန်းအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန် နည်းပြ ဖစ္စတာ ဆက်လက်တာဝန်ယူမည်

ဂျိုဟန်နစ္စဘတ် ဖေဖော်ဝါရီ ၁၃

ကင်မရွန်းအသင်းနည်းပြ အော့တိုပီဖစ္စတာက ၎င်းအနေဖြင့် ကင်မရွန်းအသင်းအား ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားနောက်ဆုံးပွဲစဉ်များသို့ အရောက်ပို့ပေးရန်အတွက် နည်းပြတာဝန် ဆက်လက်ယူသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။

ရှုံးနိမ့်ခဲ့

အသက် ၇၀ ရှိပြီဖြစ်သော ဂျာမနီနိုင်ငံသား အော့တိုပီဖစ္စတာသည် ဂါနာ၌ ကျင်းပသော အာဖရိကနိုင်ငံများဖလားဖိုင်နယ်ပွဲတွင် အီဂျစ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ကင်မရွန်းအသင်း ၂၀၁၀ပြည့်နှစ်ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်နိုင်ရေးအတွက် မေလကုန်ပိုင်းမှစပြီး ချစ်ကြည်ရေးပွဲများ စတင်ကစားမည်ဖြစ်ကြောင်း နည်းပြဖစ္စတာက ကစ်ကာဘောလုံးမဂ္ဂဇင်းသို့ ပြောကြားသည်။ **(အင်တာနက်)**

မန်ချက်စတာယူနိုက်တက်အသင်း တောင်အာဖရိကသို့ သွားရောက်ကစားမည်

လန်ဒန် ဖေဖော်ဝါရီ ၁၃

ပရီမီယာလိဂ်ချန်ပီယံ မန်ချက်စတာယူနိုက်တက်အသင်းသည် လာမည့်ဇူလိုင်လတွင် တောင်အာဖရိကရှိ ထိပ်တန်းကလပ်အသင်းနှစ်သင်းနှင့် ဗိုဒါကွန်းချဲလင်းပြိုင်ပွဲအဖြစ် သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း နည်းပြ ဖာဂူဆန်က ပြောကြားသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ဇူလိုင် ၁၉ ရက်မှ ၂၆ ရက်အထိ တောင်အာဖရိကနိုင်ငံ၌ ပြိုင်ပွဲသုံးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မန်ယူနှင့်ကစားမည့် တောင်အာဖရိကကလပ်အသင်းများမှာ ကိုင်ဇာချက်ဖ်အသင်းနှင့် အော်လန်ဒိုပီရိတ်တို့ဖြစ်သည်။ ၂၀၀၆ ခုနှစ်က မန်ယူတို့ အဆိုပါအသင်းများနှင့် သွားရောက်ကစားခဲ့ရာတွင် ဖိုလ်လုပွဲ၌ မန်ယူက ကိုင်ဇာချက်ဖ်အသင်းကို ပယ်နယ်တီဖြင့် ရှုံးနိမ့်ခဲ့သည်။

ကိုင်ဇာချက်ဖ်နှင့် ပီရိတ်အသင်းတို့သည် မန်ယူနှင့် ဖိုလ်လုပွဲမကစားမီ အဆိုပါကာလအတွင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းတို့ထဲမှ အနိုင်ရသောအသင်းနှင့် မန်ယူနှင့် ဖိုလ်လုပွဲကစားမည်ဖြစ်သည်။ အဆိုပါဖိုလ်လုပွဲမတိုင်မီ မန်ယူနှင့် ကိုင်ဇာချက်ဖ်၊ မန်ယူနှင့် ပီရိတ်ပြိုင်ပွဲ နှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ (အင်တာနက်)

ကမ္ဘာ့နံပါတ် ၁၀ အဆင့်ရှိ အင်ဒီမာရေး မာဆေးအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ အနိုင်ရ

မာဆေးအိုးပင်း တင်းနစ်ပြိုင်ပွဲ၌ အနိုင်ရ သွား သည့် အင်ဒီမာရေး။

မြင့်မောင်စိုး ရေးသည်

မာဆေး(ပြင်သစ်) ဖေဖော်ဝါရီ ၁၃

ဗြိတိသျှနံပါတ်တစ်တင်းနစ်ကစားသမား အင်ဒီမာရေးသည် ဇန်နဝါရီလက ကာတာအိုးပင်း ဖလားတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ပြီးနောက် ဖေဖော်ဝါရီ၁၂ရက်က မာဆေးအိုးပင်း တင်းနစ် ပြိုင်ပွဲ၌ ဒတ်ချ်တင်းနစ် ကစားသမား ဟူတာဂါလွန်းအား ၆–၄၊ ၆–၄ ဖြင့် ပထမဆုံးပွဲအဖြစ် အနိုင်ရလိုက်သည်။

မာရေးသည်သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအကျော့ ပြိုင်ပွဲမှ ထွက်ခဲ့ရသော်လည်း ဒိုဟာမြို့၌ ကျင်းပသောကာတာအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည်။

ကမ္ဘာ့အဆင့် ၁၀ရှိ မာရေးသည် မကြာမီကယှဉ်ပြိုင်ကစားသည့်ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲတွင် ဒူးဒဏ်ရာရခဲ့သဖြင့် ပြိုင်ပွဲနှင့် လွဲချော်ခဲ့ရသည်။ ဒဏ်ရာမှ ပြန်လည်သက်သာလာပြီးနောက် မာဆေးအိုးပင်းဖလားတွင် ပွဲဦးထွက် အနိုင်ရလိုက်ခြင်းဖြစ်သည်။

ဆုံတွေ့

ကာတာအိုးပင်းဖလား ဆွတ်ခူးနိုင်ခဲ့သည့် မာရေးသည် မာဆေးအိုးပင်း၌ ဒုတိယပွဲစဉ်အဖြစ် ဆွစ်ဇာလန်မှ ဝေါရင်ကာနှင့် ကစားရမည်ဖြစ်သည်။ မာရေးသည် ဝေါရင်ကာအား ကာတာအိုးပင်းဖလား ဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့သူဖြစ်သည်။

ဗြိတိန်သားမာရေးနှင့်ဆွစ်ဇာလန်တင်းနစ်ကစားသမား ဝေါရင်ကာတို့သည် ယခုနှစ်အတွင်း ဒုတိယအကြိမ် ဆုံတွေ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အင်တာနက်သတင်း အတိုအထွာ

- **ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာသည် ဘာစီလိုနာအသင်းနှင့် ဆွေးနွေးမှုများ ရှိနေပြီး နွေရာသီဈေးကွက်တွင် ပေါင်၂၅သန်းဖြင့် ပြောင်းရွှေ့ဖွယ်ရှိသည်။**
- လီဗာပူး ခံစစ်မှူး ဟစ်ပီယာကို ဖူလ်ဟမ်အသင်းက ခေါ်ယူရန် စီစဉ်နေသည်။
- **အက်စ်တွန်ဗီလာအသင်းမှ လူကီမိုရီကို ဝက်စ်ဘရွန်းအသင်းက တစ်နှစ်အငှားစာချုပ် ချုပ်ဆိုခေါ်ယူရန် ကြိုးစားလျက်ရှိနေသည်။**
- ဘော်လ်တန်ကွင်းလယ်ကစားသမား အိုင်ဗန်ကမ်ပိုသည် ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရေး ဆွေးနွေးခဲ့သည်။
- **ရက်ဒင်းအသင်းသည် ပရီမီယာလိဂ်မှ တန်းဆင်းရသည့်တိုင်အောင် အသင်း၏နည်းပြ စတိကော့ပဲလ်ကို ထုတ်ပယ်မည်မဟုတ်ဟု ရက်ဒင်းအသင်းက အခိုင်အမာ ပြောကြားသည်။**
- အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောက သူ၏ကစားဖော် ဖာဘရီဂတ်စ်သည် သူတွေ့ဖူးသမျှ ကွင်းလယ်ကစားသမားများထဲတွင် အကောင်းဆုံးဘောလုံးသမားဖြစ်ကြောင်း ချီးကျူးပြောကြားလိုက်သည်။
- **ဒါဘီအသင်းတွင် အငှားစာချုပ်ဖြင့် လာရောက်ကစားနေသူ တိုက်စစ်မှူး ကင်နီမီလာက စာချုပ်သက်တမ်းကုန်ချိန်၌ ရိန်းဂျားသို့ ပြန်မသွားလိုကြောင်း ငြင်းဆိုခဲ့သည်။**
- လာမည့်ဖေဖော်ဝါရီ ၁၆ရက်၌ လီဗာပူးနှင့်ကစားရမည့် အက်ဖ်အေဖလားပွဲအတွက် အက်စ်တွန်ဗီလာအသင်းသည် ဂိုးသမားသောမတ်စ်ဆိုရင်ဆင်နှင့် အငှားစာချုပ်တစ်ရပ် အလျင်အမြန် ချုပ်ဆိုခေါ်ယူလိုက်သည်။

ထူးဆန်းအံ့ဖွယ်ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘုရားဖူးများစိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရန်စီစဉ်ထား

ခရီးသွားအက်ဆေးနှင့် ဓာတ်ပုံမှတ်တမ်း – အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု – ထိန်လင်း

မတ်စောက်သော ကျောက်ဆောင်ကြီးပေါ်တွင် အပြင်ဘက်သို့ ငါးပေခန့် အစွန်းထွက်တည်ရှိနေသော ထူးဆန်းအံ့သြဖွယ် ကျောက်လုံးတော်ကြီးနှင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဤသို့ သပ္ပာယ်ဖွယ် ကြည်ညို ဖူးတွေ့ရသည်။

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံတွင် စေတီပုထိုး အမျိုးမျိုးရှိကြသည့်အနက် ထူးဆန်းအံ့ဖွယ် အကောင်းဆုံးတည်ထားသော စေတီမှာ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ပင် ဖြစ်သည်။ မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်အတွင်းရှိ အမြင့်ပေ ၃၆၁၅ပေရှိသော အရှေ့ရိုးမတောင်တန်း၊ ရေးအခေါ် လုံးတင်တောင်၊ ယခုပေါင်းလောင်းတောင်ထိပ်ပေါ်တွင် တည်ရှိသည့် စေတီတော်မြတ်ကြီး၏ သမိုင်းသည် ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလက စတင်ခဲ့သည်ဟုဆိုသည်။ ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်ရောက်တော်မူပြီး ရှစ်ဝါမြောက်တွင် ဂဝံပတိ ရဟန္တာမြတ်၏ တောင်းပန်လျှောက်ထားချက်အရ သုဝဏ္ဏဘုံမိ သထုံပြည်သို့ ဒေသစာရီ ကြွမြန်းခဲ့သည်။

မြတ်စွာဘုရားရှင်က သာသနာအရှည်တည်တံ့ရေး မြော်မြင်ပြီး ဆံတော်များ ပေးသနားရာတွင် ကျိုက်ထီးရိုးတောင်တော်မှ တိဿရသေ့ကြီးလည်း ပါဝင်ရရှိခဲ့သည်။

စတင်တည်ခဲ့

တိဿရသေ့ကြီးသည် ဆံတော်များအား မိမိဦးခေါင်းထက် ဆံကျစ်ကြားတွင် ကိုးကွယ်ထားရှိရာမှ ပုံလွန်တော်မူခါနီးအချိန်၌ စေတီတည်ထားကိုးကွယ်ရန် အကြံတော် ဖြစ်ပေါ်ခဲ့သည်ကို သိကြားမင်း သိရှိတော်မူပြီး တိဿရသေ့ကြီး၏ ဦးခေါင်းနှင့်တူသော အမြင့် ၂၆ဒသမ၇၅ ပေ၊ လုံးပတ် ၈၄ပေ၊ အလေးချိန် ၆၁၁ဒသမ ၄၅ တန်ချိန်ရှိသော ဂရင်းနိုက် ကျောက်တုံးကြီးကို သမုဒ္ဒရာကြမ်းပြင်အောက်မှ ဆယ်ယူ၍ ကျိုက်ထီးရိုးတောင်တော်ရှိ လုံးပတ် ၅၅တောင်တစ်မိုက်၊ အမြင့် ၈၃ တောင်ရှိသော ကျောက်တောင်ထိပ်တွင် ကြက်မတစ်ဝပ်စာလွတ်၍ တင်လှူပေးခဲ့သည်။ တိဿရသေ့ကြီးသည် ဆံတော်များကို ရတနာမြကြုတ်တွင် ထည့်သွင်းပြီး ကျောက်လုံးတော်ကြီး၏ အထက်အလယ်ဗဟို၌ အနက်သုံးတောင်တစ်မိုက် အဝခြောက်လက်မရှိသော တွင်းတော်တွင် ဌာပနာ၍ သိကြားမင်း၊ ပြည့်ရှင်မင်း၊ မူးမတ်ဗိုလ်ပါ ပြည်သူတို့ခြံရံပူဇော်ကာ မဟာသက္ကရာဇ် ၁၁၈ခုနှစ်တွင် ကျိုက်ထီးရိုးစေတီကို စတင်တည်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိခဲ့ရသည်။

မဖူးမြော်ဖြစ်သည်မှာ ကြာမြင့်ပြီဖြစ်သော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်ပူဇော်ရန်နှင့် စေတီတော်မြတ်ကြီး၏ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်း၊ ယနေ့ကျိုက်ထီးရိုး၏မြင်ကွင်းများကို မြင်တွေ့နိုင်ရန် ဖေဖော်ဝါရီ၁ရက်က ကျိုက်ထိုမြို့မှ ကိုးမိုင်အကွာရှိ တောင်ခြေကင်ပွန်းစခန်းသို့ ရောက်ရှိခဲ့၏။

သိခွင့်ရရှိခဲ့

ကျိုက်ထီးရိုးဆံတော်ရှင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်၊ အတွင်းရေးမှူး ဦးစံသိန်း၊ ရုံးအဖွဲ့မှူးဦးစိုးလှတို့နှင့်ဂေါပကအဖွဲ့ရုံးတွင် တွေ့ဆုံကာ ဆံတော်ရှင်ကျိုက်ထီးရိုး၏ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိခြင်းနှင့် ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းများကို သိရှိခွင့်ရရှိခဲ့သည်။

ဖွင့်လှစ်ထား

“မြန်မာပြည်တွင် အရှည်ကြာဆုံးပွဲတော်ကျင်းပသည်မှာ ကျိုက်ထီးရိုးဆံတော်ရှင် စေတီတစ်ခုတည်းသာရှိပါကြောင်း၊ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ခုနစ်လတိုင်တိုင် ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ ကျန်ငါးလမှာ ဘုရားပွဲတော်ပြီးသော်လည်း ဘုရားဖူးခွင့်ကို ပိတ်ပင်မှုမရှိဘဲ ဖွင့်လှစ်ထားကြောင်း၊ အချို့ပြည်သူများက ဘုရားပွဲတော်ရက်ပြီးလျှင် တောင်ပိတ်သည်ဆိုကာ တောင်ပေါ်တက်ခွင့်မရဟု ထင်မှတ်မှားနေကြပါကြောင်း:”ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်က မြန်မာ့အလင်းသို့ ရှင်းလင်း ပြောကြားခဲ့သည်။

တစ်ဆင့်ပြီးတစ်ဆင့်ခင်းနေ

ဆက်လက် ပြောကြားရာတွင် **“ယခင်က ကင်ပွန်းစခန်းမှ ရသေ့တောင်အထိ တောင်တက်ကားလမ်းမှာ မြေသားလမ်းဖြစ်သော်လည်း ယခုအခါ ရင်ပြင်တော်အထိ ကိုးမိုင်အကွာအဝေးကို ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းပြီး ဖြစ်ကြောင်း၊ တောင်တက် ကားလမ်းကွေ့ကျဉ်းမြောင်း နေရာများကိုလည်း စက်ယန္တရားများဖြင့် ချဲ့ထွင်ဆောက်လုပ်လျက်ရှိပါကြောင်း၊ ချွတ်ယွင်းလာသောလမ်းပိုင်းများအားလည်း ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ရသေ့တောင်မှ ရင်ပြင်တော်အထိ ၁မိုင် ၂ဖာလုံ အကွာအဝေးရှိ ခြေကျင်လမ်းကိုလည်း မော်တော်ယာဉ်သွားလမ်းနှင့် ရောယှက် ခြင်းမရှိအောင်သီးသန့်ခြေကျင်သွား ကွန်ကရစ်လမ်းအဖြစ် အဆင့်ဆင့်ခင်းကျင်းနေပါကြောင်း၊ ရင်ပြင်တော်ပေါ်တွင်လည်း ခင်းထားပြီး ဖြစ်သော ဂရင်းနိုက် ကျောက်ပြားများအစား အပူခံစကျင်ကျောက်ပြားများကို ၃–၁၂–၂၀၀၇ နေ့မှစတင်၍ တစ်ဆင့်ပြီး တစ်ဆင့် ခင်းကျင်းနေပါကြောင်း”**ကို ရှင်းလင်း ပြောကြားသည်။

၁၂လလုံးလုံး ဘုရားဖူးလာနိုင်ပါတယ်။

ဦးအောင်ခင်
ဥက္ကဋ္ဌ
(ဂေါပကအဖွဲ့)

တောင်ပေါ်တက်ရောက်ဖူးမြော်နိုင်

ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစံမြင့်ကလည်း **“ဂေါပကအဖွဲ့က ကြီးမှူး၍ သုံးနှစ်တစ်ကြိမ် ကျောက်လုံးတော်ကြီးကို လုံးတော်ပြည့် မျက်ပါးရွှေဆိုင်းများ ကပ်လှူ ပူဇော်လျက်ရှိကြောင်း၊ ဘုရားဖူးများ ၁၂လပတ်လုံး ဘုရားဖူးလာရောက်နိုင်ရန် တောင်တက် မော်တော်ယာဉ် ၁၄၃စီးကို စီစဉ်ထားရှိကြောင်း၊ ဘုရားပွဲတော် ခုနစ်လအပြီး ကျန်ငါးလ မိုးရာသီမှာလည်း တောင်တက် မော်တော်ယာဉ်များကို အုပ်စုသုံးစုခွဲကာ ၄၅ရက်စီ အလှည့်ကျ ပြေးဆွဲပေးနေသဖြင့် ဘုရားဖူးများ လွယ်လင့်တကူ တောင်ပေါ်တက်ရောက်ဖူးမြော်နိုင်ပါကြောင်း၊ မော်တော်ယာဉ်များ၏ ကြံ့ခိုင်ရေးကိုလည်း ကျွမ်းကျင်သူ စက်ပြင် ဆရာများက အမြဲတစေ ကြီးကြပ်လျက်ရှိသဖြင့် ဘေးအန္တရာယ်ဖြစ်မှု မရှိပါကြောင်း”** ရှင်းပြပြောဆိုသည်။

ကမ္ဘာလှည့် ခရီးသွားများလည်း ထူးဆန်းအံ့ဖွယ် ကျိုက်ထီးရိုးစေတီတွင် ဤသို့ အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။

လုံလုံလောက်လောက်ပေးနေ

ဂေါပကရုံးအဖွဲ့မှူး ဦးစိုးလှကလည်း **“ရင်ပြင်တော်ပေါ်တွင် စေတီတော် သာသနိက အဆောက်အအုံများ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်များကို လောပိတလျှပ်စစ်ဓာတ်အားဖြင့် ၂၄နာရီ ပို့လွှတ်ပေးလျက်ရှိပြီး ပြတ်တောက်ချိန်တွင် ရင်ပြင်တော်ပေါ်ရှိ လျှပ်စစ်ဓာတ်အားပေး စက်သုံးလုံး ဖြင့်နိုင်နင်းစွာ ပို့လွှတ်ပေးနေပါကြောင်း၊ သောက်သုံးရေကိုလည်း စေတီတော်အောက်ခြေရှိ မိုးဘောချောင်းမှ ရေကိုရေစုပ်စက်များဖြင့် ကြားကန်အဆင့်ဆင့် လေးဆင့်ထားရှိကာ စားသောက်ဆိုင်၊ ဈေးဆိုင်များသို့ပါ ရေမီတာ တပ်ဆင်၍ လုံလုံလောက်လောက် ပေးနေပါကြောင်း:”** ရှင်းပြပြောဆိုသည်။

နိုင်ငံခြားသားများ လာရောက်မှုကို မေးမြန်းရာတွင် **“ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခြားသားများ နှစ်စဉ်တိုးတက်များပြားစွာ လာရောက်ကြကြောင်း၊ မိုးရာသီတွင် ပိုမိုလာရောက်ကြပြီး အာရှအုပ်စုအနေဖြင့် ထိုင်းနှင့်တရုတ်(တိုင်ပေ)တို့မှာ အုပ်စုဖွဲ့၍ အများဆုံး လာရောက်ကြကြောင်း”**သိရသည်။ နိုင်ငံခြားသားများနှင့် ပြည်တွင်းဘုရားဖူးများ အဆင့်မြင့်မြင့် တည်းခိုနိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ဖွင့်လှစ်ထားသော ရင်ပြင်တော်အနီး ကျိုက်ထိုဟိုတယ် ပုဂ္ဂလိကပိုင် Golden Rock Hotel နှင့် Mountain Top ဟိုတယ်များရှိနေသည်ကို တွေ့ရသည်။ မိုးတွင်းပေမယ့် ညှော်သည် မပြတ်ပါကြောင်း ကျိုက်ထိုဟိုတယ်ဝန်ထမ်းတစ်ဦးက ပြောကြားသည်။ နိုင်ငံခြားသားများကိုမူ ခရီးသွားလာမှု လုံခြုံရေးအတွက် ကင်ပွန်းစခန်းမှ ရသေ့တောင်အထိ သတ်မှတ်ခွင့်ပြု တောင်တက်ကားများဖြင့်သာ တက်ရောက်ခွင့်ပြုပြီး ရသေ့တောင်မှ ရင်ပြင်တော်ဝ ခြင်္သေ့နှစ်ကောင်မုခ်ဦး အထိကိုမူ ခြေကျင်သို့မဟုတ် အထမ်းများဖြင့် တက်ရောက်ခွင့်ပြုသည်ဟု သိရသည်။ လေးဦးထမ်းဖြစ်ပြီး လုပ်အားခငွေကျပ် ၆၀၀၀ဟု သိရသည်။ ပြည်တွင်းမှ သက်ကြီးရွယ်အိုနာမကျန်းဘုရားဖူးများအတွက်မူကင်ပွန်းစခန်းမှ ရင်ပြင်တော်မုခ်ဦးအထိ အခါအားလျော်စွာ တောင်တက်ကားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ရှေ့ခန်းတွင် တစ်ဦးလျှင် ငွေကျပ်၄၀၀၀နှင့် နောက်ဘက်တွင် တစ်ဦးလျှင် ငွေကျပ် ၂၅၀၀ ကားခပေးရသည်။ မော်တော်ယာဉ် အရွယ်အစားပေါ်မူတည်၍ကားစီးဘုရားဖူး အရေအတွက်ကို စစ်ဆေးရေးအဖွဲ့မှ စိစစ်ခွင့်ပြုပေးသည်။

တောင်တက် မော်တော်ယာဉ် ၁၄၃ စီးဖြင့် ဘုရားဖူးများကို ပို့ဆောင်ပေးနေပါတယ်။

ဦးစံမြင့်
အတွင်းရေးမှူး
(ဂေါပကအဖွဲ့)

ခြင်္သေ့နှစ်ကောင် မုခ်ဦးအဝမှ ကျိုက်ထီးရိုး ရင်ပြင်တော်အပေါ်အထိ ဤသို့ သပ်ရပ်လှပစွာ တွေ့ရသည်။

ရေမီးအစုံဖြင့်တည်းခိုနိုင်

“ရင်ပြင်တော် ပေါ်တွင်လည်း ဘုရားဖူးများ အခမဲ့တည်းခိုနိုင်ရန် ဆီမီး ၉၀၀၀ ဓမ္မာရုံနှင့် ပြည့်စုံတည်းခိုဆောင်တို့ရှိသည်။ သီဟဆောင်၊ တိဿဆောင်၊ သုံးထပ်ဆောင်၊ ပေ ၄၀ဆောင်တို့တွင် အခကြေးငွေဖြင့် တည်းခိုနိုင်ကြသည်။ ရင်ပြင်တော်မှ မုဆိုးတောင်စေတီအသွားလမ်းတွင် ပုဂ္ဂလိက တည်းခိုခန်းသုံးခုရှိပြီး တစ်ဦးလျှင် တစ်ည ငွေကျပ်၂၅၀၀ နှုန်းဖြင့် နှစ်ယောက်ခန်း၊ လေးယောက်ခန်း၊ ခြောက်ယောက်ခန်း ရေမီးအစုံဖြင့် တည်းခိုနိုင်ကြောင်း” တည်းခိုခန်းပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ရင်ပြင်တော်ပေါ်တွင် စားသောက်ဆိုင်ကြီး ၁၈ဆိုင်ရှိပြီး လက်ဖက်ရည်၊ အအေးဆိုင်၊ မုန့်ဟင်းခါး၊ ဆန်ပြုတ်၊ အသုပ်၊ ကောက်ညှင်းပေါင်း၊ ကွမ်းယာ၊ စတိုး၊ အထည်ဆိုင်၊ထီဆိုင်၊ ဓာတ်ပုံဆိုင်၊ ရေချိုးခန်း၊ အဝေးပြော တယ်လီဖုန်း ဆက်သွယ်ရေးစခန်းများ ရှိသည်ကို တွေ့မြင်ရသည်။ ယခင်က ရင်ပြင်တော်မှ မုဆိုးတောင်စေတီအသွား ဈေးလမ်းမနှင့် ကျောက်ထပ်ကြီး၊ ကျီးပါးစပ်ဘုရားသွားလမ်းများမှာ မြေလမ်းကျဉ်းဖြစ်သော်လည်း ယခုအခါ ကျောက်ပြားခင်းလမ်းကျယ်အဖြစ်လည်းကောင်း၊ သစ်သား၊ ဝါး၊ တောင်ထန်းများဖြင့် တည်ဆောက်ထားသော ဈေးဆိုင်တန်းအားလုံးသည် အုတ်တိုက်များအဖြစ် ညီညာပြန့်ပြူးသပ်ရပ်စွာ တည်ဆောက်ထားသည်ကို မြင်တွေ့ရသည်။

ဘုရားဖူးများသည် ကျိုက်ထီးရိုးစေတီရင်ပြင်တော်မှ မြောက်ဘက် နှစ်ဖာလုံအကွာရှိ မုဆိုးတောင်စေတီ၊ ၎င်းမှလေးဖာလုံအကွာရှိ ကျောက်ဆီယိုစေတီ၊ ကျောက်လှုပ်စေတီအလွန် သုံးဖာလုံခန့်အကွာ နဂါးစေတီနှင့် ဖားစေတီ၊ ၎င်းမှနှစ်ဖာလုံခန့်အကွာကျောက်ထပ်ကြီးစေတီနှင့် ကျိုက်ထီးရိုးစေတီတော်၏ အနောက်ဘက် သုံးဖာလုံခန့်အကွာရှိ ၁၇မိနစ်ခန့် ခြေကျင် ရောက်သည့် ကျီးပါးစပ်ဂူသို့ပါ လှေလာဖူးမြော်နိုင်ပါကြောင်း ဘုရားဖူးခရီးသွား နိဗ္ဗာန်ဆော်အဖြစ် သတင်းစကား ပါးလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ရန်ကုန်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများစုစုပေါင်း အင်အား ၃၅၀၀ ကျော်တို့သည် နံနက် ၆ နာရီမှ စတင်၍ ပြည်သူ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့ အသီးသီးတို့မှ အရာရှိ၊ စစ်သည်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ လူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ တိုင်းရင်းသားတိုင်းရင်းသူများ တက်ရောက်ကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့က ပြည်သူ့လွှတ်တော်ဝင်းအတွင်းမှ ပြည်သူ့ရင်ပြင်သို့ ချီတက်၍ သတ်မှတ်နေရာ၌ နေရာယူကြသည်။

ထို့နောက် ရန်ကုန်တိုင်း ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ရောက်ရှိလာကာ ပြည်သူ့ရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူသည်။

ဆက်လက်၍ တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း ၂၀၀၈ ခုနှစ် (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ဖတ်ကြားသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂ ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်လျက်ရှိသော အားကစားကွင်းအဝင် မြို့ပြကတ္တရာလမ်းနှင့် ရတနာဒီပ မြို့ပြကျောက်ချောလမ်း ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်အား ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က အထိမ်းအမှတ်အလံငယ် ပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုနေ့ဂုဏ်ပြု ခုတ်တွင်း၌ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ခုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော အောင်စိုးမိုးလမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးအောင်လေးက အောင်စိုးမိုး ကတ္တရာလမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါလမ်းကို ခုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၈၇၄၄၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၃၁၆)**

ဆုချီးမြှင့်

မရမ်းကုန်းမြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုနှင့်ဘက်စုံထူးချွန်ဆုရသူ မောင်ထက်အောင်လင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိသော်က ဆုချီးမြှင့်စဉ်။ (က-ပ)

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ်၂၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် လမ်းမတော်မြို့နယ် သရက်တော ကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဇာတိ ဆရာတော်ကြီး သုံးပါးအား ဂုဏဝိသိဋ္ဌပူဇော်ခြင်း၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ ပညာရည်ချွန်ဆုအတွက် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန် ဆုချီးမြှင့်ခြင်းတို့ကို တစ်ပါတည်း ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ မြို့နယ်သားများ အားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြောင်းသိရသည်။

နှိုးဆော်ထား

ပညာရည်ချွန်ဆုအတွက်အမှတ်စာရင်းအထောက်အထားမိတ္တူများကို ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)ဖုန်း-၅၅၉၄၇၂၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း (ငြိမ်း)ဖုန်း-၀၉-၅၁-၄၇၉၀၄၊ ဦးဇော်လင်း ဖုန်း- ၅၇၂၁၆၂၊ ဦးမောင်မောင်လှ ဖုန်း-၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂ နှင့် ဦးအေးလွင် ဖုန်း-၆၆၆၄၅၆ တို့သို့ မတ် ၁၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ဆုချီးမြှင့်

အမက(၁၅)ကမာရွတ်မြို့နယ် ၂၀၀၆-၂၀၀၇ပညာသင်နှစ်ပညာရည်ချွန်ဆုပေးပွဲတွင် တတိယတန်းပူးတွဲပထမဆုရ မောင်ရဲထက်အောင်နှင့် မောင်ဟိန်းထက်လင်းတို့အား ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင်က ဆုချီးမြှင့်စဉ်။

(က-ပ)

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘော်လီဘောပြိုင်ပွဲဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဇနီးများ၊ တပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အသင်းအုပ်ချုပ်သူအရာရှိများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် တိုင်း၊ တပ်မ၊ ဌာနချုပ် ကိုယ်စားပြုအမျိုးသား ၂၅ သင်း၊ အမျိုးသမီး ၁၂ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂ ရက်က ဒဂုံမြို့နယ်အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီက သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ရဲမင်းဟိန်းအား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရ မောင်အောင်မိုးသူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက ဆုချီးမြှင့်စဉ်။ (၁၇၀)

တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က ပင်လုံခန်းမ၌ကျင်းပရာ ကျောင်းတွင်းပတ်လည် ထူးချွန်လေးနှစ်ဆက်တိုက် ပထမ မြို့နယ်အဆင့် စာပေဘာသာစုံနှင့် ဘက်စုံထူးချွန်လေးနှစ်ဆက်တိုက် ပထမဆုရရှိသော နဝမတန်း (A)မှ မမေမြတ်နိုးဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုလှက ဆုချီးမြှင့်စဉ်။ (၁၇၁)

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပြန်လည်ကျင်းပမည် ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်း အမှတ်အများဆုံးရရှိထား

ကိုထွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သတ္တမအကြိမ်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ၁၃ရက်မှစတင်၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်း၌ ပြန်လည် ကျင်းပလျက်ရှိသည်။

ခြောက်သင်းပါဝင်

သတ္တမအကြိမ် ဝန်ကြီးဌာနခြောက်သင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် ခြောက်သင်းပါဝင်ယှဉ်ပြိုင်ကြရာ ပို့ဆောင်ရေးအသင်း၊ ပြည်ထဲရေးအသင်း၊ ကာကွယ်ရေးအသင်း၊စက်မှု(၁)အသင်း၊အား/ကာသိပ္ပံ(ရန်ကုန်) အသင်းနှင့် အား/ကာသိပ္ပံ(မန္တလေး)အသင်းတို့ ဖြစ်ကြသည်။

ပထမအကျော့ပွဲစဉ်များမှာ ဇန်နဝါရီ ၁၀ရက်က ပြီးဆုံးခဲ့ရာ ပို့ဆောင်ရေးအသင်းက အမှတ်အများဆုံးရရှိထားပြီး လက်ရှိချန်ပီယံ ပြည်ထဲရေးအသင်းက ဒုတိယအမှတ်အများဆုံး ရရှိထားသည်။ ဒုတိယအကျော့ပွဲစဉ်များတွင် ခြောက်သင်းပတ်လည်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပထမအကျော့နှင့် ဒုတိယအကျော့ နှစ်ကျော့ပေါင်း အမှတ်အများဆုံးအသင်းနှင့် ဒုတိယအမှတ်အများဆုံးအသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကျေနပ်ခဲ့ရ

ပထမအကျော့အပြီးတွင် အမှတ်အများဆုံးရရှိထားသော ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းသည် ယမန်နှစ် (ဆဋ္ဌမအကြိမ်)ပြိုင်ပွဲတွင် ဗိုလ်လုပွဲ၌ ပြည်ထဲရေးအသင်းကို ရှုံးနိမ့်ပြီး ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဝန်ကြီးဌာနပေါင်းစုံအမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် အောင်မြင်မှု အစဉ်အလာ ကြီးမားခဲ့သော ပို့ဆောင်ရေးအမျိုးသမီး ဘောလုံးအသင်းသည် ယခုပြိုင်ပွဲ၌ အနိုင်ရ ဗိုလ်စွဲရေးအတွက် အထူးပြင်ဆင်လေ့ကျင့်လျက်ရှိသည်။

ပို့ဆောင်ရေးအသင်းသည် ပထမအကျော့ပွဲစဉ်၌ ငါးပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ ၁၃ မှတ်ရရှိခဲ့ပြီး ဒုတိယအကျော့ပွဲစဉ်၌လည်း အမှတ်အများဆုံး ရရှိပြီး ဗိုလ်လုပွဲတက်ရောက်မည့် ခြေစွမ်းမျိုးပိုင်ဆိုင်ထားသည်။ ပို့ဆောင်ရေးအသင်းသည် ပထမအကျော့ပွဲစဉ်များ ယှဉ်ပြိုင် ကစားခဲ့ရာတွင် ကာကွယ်ရေးအသင်းကို ငါးဂိုး-ဂိုးမရှိ၊ အား/ကာသိပ္ပံ (မန္တလေး) အသင်းကို သုံးဂိုး-နှစ်ဂိုး၊ စက်မှု (၁)အသင်းကို သုံးဂိုး-ဂိုးမရှိ၊ အား/ကာသိပ္ပံ (ရန်ကုန်) အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပြည်ထဲရေးအသင်းနှင့် ဂိုးမရှိသရေကျခဲ့သည်။

မွေးထုတ်ပေး

ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးသမားများကို စဉ်ဆက်မပြတ် မွေးထုတ် ပေးနိုင်ခဲ့သည်။ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် ပို့ဆောင်ရေးအသင်းမှ ကိုးဦး ပါဝင်ခဲ့ရာ သင်းသင်းစိုး(ဂိုး)၊ မိုးမိုးဝါ၊ မြင့်မြင့်အေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ သက်သက်ဝင်း၊ မာဂရက်မေရီနှင့် ဇင်မာဝမ်းတို့ဖြစ်ကြသည်။

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းတွင် ပို့ဆောင်ရေးအသင်းမှ ခြောက်ဦးပါဝင်ခဲ့ရာ မူမူလွင်၊ သီတာဦး၊ နန်းကြေငုံ၊ မိုးမိုးထွေး၊ မိုးမိုးစိန်(ဂိုး)နှင့် မာလာဝင်းတို့ဖြစ်ကြသည်။

ဆုချီးမြှင့်

သတ္တမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ပထမအကျော့တွင် အမှတ်အများဆုံးရရှိခဲ့သော ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၇ ရက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ ဆုချီးမြှင့်ပွဲတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး လက်ရွေးစင်အဆင့် အားကစားသမားတစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီ၊ ဝန်ကြီးဌာနအဆင့် အားကစားသမားတစ်ဦးလျှင် ငွေကျပ် သုံးသောင်းစီ စုစုပေါင်းငွေကျပ် ၁၂ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘောလုံးအသင်း အောင်မြင်မှု ရရှိရေးအတွက် အစဉ်အဆက် အစစအရာရာ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ သတ္တမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင်ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီး ဘောလုံးအသင်း အနိုင်ရဗိုလ်စွဲရေးအတွက်ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အောင်နိုင်ရေးကော်မတီကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့သည်။

ပါဝင်ကြ

အဆိုပါ အောင်နိုင်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်လွင် (အထွေထွေမန်နေဂျာ)၊ အတွင်းရေးမှူး အဖြစ်ဦးရှိန်းယော(လက်ထောက်အထွေထွေ မန်နေဂျာ၊ ကုန်ပို့)၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှစ် (ဒုတိယ၊အထွေထွေမန်နေဂျာ၊စီမံ)၊ဦးသီဟန် (လက်ထောက်အထွေထွေ မန်နေဂျာ၊ ထောက်ပံ့ရေး)၊ဦးညွန့်အောင်(လက်ထောက် အထွေထွေမန်နေဂျာ၊ မြစ်ဝ)၊ ဦးပြည့်ငြိမ်း (လက်ထောက် အထွေထွေမန်နေဂျာ၊ စီမံ)၊ ဦးကျော်ကျော် (မန်နေဂျာ၊စီမံ)နှင့် ဦးကျော်စန်းဝင်း (မန်နေဂျာ၊သယ်ယူ)တို့ ပါဝင်ကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးရှိန်းယော(လက်ထောက်အထွေထွေမန်နေဂျာ၊ ကုန်ပို့)၊ အုပ်ချုပ်သူအဖြစ် ဒေါ်ခင်သန်းနိုင်(ရုံးအုပ်)၊နည်းပြချုပ်အဖြစ် ဦးဝင်းစိန်၊ နည်းပြများအဖြစ် ဦးခင်မောင်မြင့်နှင့် ဦးညွန့်သိန်းတို့က တာဝန်ယူ ဆောင်ရွက်ကြသည်။

အားကစားသမားများ အဖြစ် သင်းသင်းစိုး**(ဂိုး)**၊ မိုးမိုးစိန်**(ဂိုး)**၊ ဝါဝါမိုး**(ဂိုး)**၊ အေးနန္ဒာလှိုင်၊ မိုးမိုးဝါ၊ ဇင်မာဝမ်း၊ သက်သက်ဝင်း၊ နေဇာလင်းလင်းအောင်၊ စန်းယုနိုင်၊ မြင့်မြင့်အေး၊ သန်းသန်းထွေး၊ မာဂရက်မေရီ၊ မာလာဝင်း၊ နန်းကြေငုံ၊ မိုးမိုးထွေး၊ မူမူလွင်၊ သီတာဦး၊ စုငြိမ်းအေး၊ မိုးသီတာ၊ ရီရီနွယ်၊ စန်းစန်းမော်ဝင်း၊ ဆွေဆွေသူ၊ ဥမ္မာစန်း၊ နွယ်နွယ်အေးနှင့် ဝင်းဝင်းအေးတို့ ပါဝင်ကြသည်။

အကြိတ်အနယ်

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၂၀၀၈အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲစဉ်၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ယခုပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သူများကို ရွေးချယ်ခေါ်ယူရန် စီစဉ်ထား၍ ဒုတိယအကျော့ ပွဲစဉ်များသည် အကြိတ်အနယ် ပွဲကောင်းများ ကြည့်ကြရမည်ဖြစ်ကြောင်း ကြိုတင် သတင်းစကားပါး ဖော်ပြလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

သတ္တမအကြိမ်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ပထမအကျော့တွင် အမှတ်အများဆုံးရရှိထားသော ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘောလုံးအသင်းအား ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ တာဝန်ရှိသူများနှင့်အတူ ဤသို့ တွေ့ရသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ

ပထမအကျော့ပွဲစဉ်များအပြီး ရပ်တည်မှု

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
ပို့ဆောင်ရေး	၅	၄	၁	-	၁၅	၂	၁၃
ပြည်ထဲရေး	၅	၃	၂	-	၁၃	၃	၁၁
အား/ကာ(မန္တလေး)	၅	၃	၁	၁	၁၃	၄	၁၀
စက်မှု(၁)	၅	၁	၁	၃	၆	၁၀	၄
အား/ကာ(ရန်ကုန်)	၅	၁	၁	၃	၄	၁၄	၄
ကာကွယ်ရေး	၅	-	-	၅	၂	၁၈	-

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဘောဂဗေဒ

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်တဲ့ အထောက်အကူ သင်ခန်းစာကို သုံးပိုင်းခွဲပြီးပို့ချပါမယ်။ ပထမပိုင်းမှာ ဒသမတန်း ဘောဂဗေဒသင်ရိုးစာအုပ်ပါ အကြောင်းအရာများကို အကျဉ်းချုံးတင်ပြပြီး ဒုတိယပိုင်းမှာ ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲ မေးခွန်းပုံစံကို တင်ပြပါမယ်။ တတိယပိုင်းမှာ စာမေးပွဲမေးခွန်း ဖြေဆိုပုံဖြေဆိုနည်းနဲ့ သတိပြုရမည့် အချက်များကို ရှင်းလင်းတင်ပြပါမယ်။

ဒသမတန်းဘောဂဗေဒသင်ရိုးပါအကြောင်းအရာများ

ဒသမတန်းဘောဂဗေဒစာအုပ်မှာ အခန်း(၆)ခန်း ပါဝင်ပြီး ဘောဂဗေဒဘာသာရပ်ကို လေ့လာသည့်သူများ လေ့လာရမည့် အခြေခံဘောဂဗေဒ သဘောတရားသုံးမျိုး ပါဝင်ပါတယ်။ ဒီအခြေခံသဘောတရားများမှာ မိုက်ကရိုဘောဂဗေဒ၊ မေကရိုဘောဂဗေဒနဲ့ အပြည်ပြည်ဆိုင်ရာ ဘောဂဗေဒတို့ဖြစ်ပါတယ်။

အခန်း(၁)မှာ အင်အားစုခွဲဝေမှုပြဿနာနှင့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး အခန်း(၂)တွင် ဖော်ပြထားသောဝယ်လိုအားနှင့် ရောင်းလိုအား ဆန်းစစ်မှုအခြေခံများသည် မိုက်ကရိုဘောဂဗေဒ၏ မသိမဖြစ်သော အရေးအကြီးဆုံးအပိုင်း ဖြစ်ပါတယ်။ အခန်း(၃)ရှိ တိုင်းပြည်ဝင်ငွေ၊ အခန်း(၄) ရှိ ငွေကြေးနှင့် ဘဏ်လုပ်ငန်းနှင့် အခန်း(၅)ရှိ ပြည်သူ့ဘဏ္ဍာရေးတို့မှာ မေကရိုဘောဂဗေဒအပိုင်းရဲ့ အရေးကြီးသော သဘောတရားများဖြစ်ပါတယ်။ အခန်း(၆)မှာ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဆက်သွယ်မှုသည် အပြည်ပြည်ဆိုင်ရာ ဘောဂဗေဒအပိုင်း ဖြစ်တယ်။ ကျောင်းသားကျောင်းသူတို့ ဒီဒသမတန်း ဘောဂဗေဒစာအုပ်ပါ အခန်း(၆)ခန်း စလုံးကို ကောင်းစွာနားလည်သဘောပေါက် ကျေညက်အောင် ဖတ်ရှုလေ့လာ မှတ်သားထားရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာကို အပိုင်း(က)နဲ့ အပိုင်း(ခ) ဆိုပြီး နှစ်ပိုင်းခွဲခြားပြီး မေးထားပါတယ်။ အပိုင်း(က)မှာ မဖြေမနေရဖြေဆိုရမည့် မေးခွန်းနှစ်ပုဒ် မေးထားပါ တယ်။ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂)တို့ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁)ကို ထပ်ပြီး (၁က)နဲ့ (၁ခ)ဆိုပြီး ခွဲထားပါတယ်။ (၁က)မှာ ပေးထားတဲ့ ဖော်ပြချက်များကို မှား/မှန် ဖြေဆိုရမယ့်မေးခွန်းဖြစ်ပြီး (၁၀)ခု မေးထားပါတယ်။ မေးခွန်းတစ်ခုကို တစ်မှတ်စီနဲ့ စုစုပေါင်း(၁၀)မှတ်ပေးထားတဲ့ မေးခွန်းဖြစ်တယ်။ (၁ခ)ကတော့ ကွက်လပ်ဖြည့်ခိုင်းတဲ့မေးခွန်း ဖြစ်ပါတယ်။ (၁ခ)မှာလည်း မေးခွန်း(၁၀)ခုပေးထားပြီး တစ်ခုကိုတစ်မှတ်စီနဲ့ စုစုပေါင်း (၁၀)မှတ်ပေးထားပါတယ်။ ဒါကြောင့် မေးခွန်းနံပါတ်(၁) အားလုံးမှန်လျှင် အမှတ်ပြည့်(၂၀)မှတ် ရနိုင်ပါတယ်။

မေးခွန်းနံပါတ်(၂)ကတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အဓိပ္ပာယ်ဖွင့်ဆိုရမယ့် ဝေါဟာရ(၁၈)ခုပေးထားပြီး နှစ်သက်ရာ(၁၀)ခုကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို(၂)မှတ်စီနဲ့ စုစုပေါင်းအမှတ်(၂၀) ပေးထားပါတယ်။ ဒသမတန်းဘောဂဗေဒ သင်ရိုးစာအုပ်မှာ ရေးသားဖော်ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိတိကျကျ ပြည့်ပြည့်စုံစုံ ရေးသားနိုင်လျှင် အမှတ်ပြည့်(၂၀)မှတ်ရရှိနိုင်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းရဲ့ အပိုင်း(က)မှာ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂)မှာပါတဲ့ မေးခွန်းများသည် ပြဋ္ဌာန်းသင်ရိုးစာအုပ်ပါ အခန်း(၆)ခန်းစလုံးက ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂) နှစ်ခုပေါင်းမှာ အမှတ်(၄၀)ဖိုးဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁)နဲ့ မေးခွန်း(၂)ကို ပြည့်စုံမှန်ကန်စွာ ဖြေဆိုနိုင်လျှင် အမှတ်(၄၀) အပြည့် ရရှိနိုင်ပါတယ်။

အပိုင်း(ခ)မှာ စုစုပေါင်းမေးခွန်း(၄)ပုဒ် ပေးထားပါတယ်။ မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅)၊ (၆) တို့ဖြစ်ပါတယ်။ ဒီ(၄)ပုဒ်ထဲက နှစ်သက်ရာ (၃)ပုဒ် ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်း နံပါတ်(၃)၊ (၄)၊ (၅) တို့က ပုံစံတူမေးခွန်းများ ဖြစ်ပါတယ်။ မေးခွန်းတစ်ပုဒ်စီမှာ (က)နဲ့ (ခ)ဆိုပြီး အပိုင်း နှစ်ပိုင်းစီ ပါဝင်ပြီး ကြိုက်နှစ်သက်ရာအပိုင်း ဖြေဆိုနိုင်ပါတယ်။ (က)အပိုင်းမှာ မေးခွန်းရှည်ဖြစ်ပြီး (ခ)အပိုင်းမှာတော့ မေးခွန်းတို(၄)ပုဒ် မေးထားပါတယ်။ (ခ)အပိုင်းရှိမေးခွန်းတို(၄)ပုဒ်ထဲမှ ကြိုက်နှစ်သက်ရာ(၂)ပုဒ်ကို မှတ်စုတို ရေးရန် မေးထားတာဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုမယ့် တပည့်တို့က (က)အပိုင်းမေးခွန်းရှည် သို့မဟုတ် (ခ)အပိုင်း မှတ်စုတို မေးခွန်းနှစ်ပုဒ် နှစ်သက်ရာရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ (က)အပိုင်းနဲ့ (ခ)အပိုင်း နှစ်ပိုင်းစလုံး ဖြေဆိုရန်မလိုပါ။ (က)အပိုင်း မေးခွန်းရှည်တစ်ပုဒ်တည်းအတွက် အမှတ်(၂၀) ပေးထားပြီး (ခ)အပိုင်း မှတ်စုတိုအတွက် တစ်ပုဒ်လျှင်(၁၀)မှတ်နဲ့ နှစ်ပုဒ်အတွက် အမှတ်(၂၀)ပေးထားပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ်(၆)က ဉာဏ်စမ်းမေးခွန်းဖြစ်ပြီး ပေးထားတဲ့ စာရင်းအင်း ကိန်းဂဏန်းများကိုအခြေခံပြီး ပုံနှင့်မျဉ်းကွေးများရေးဆွဲခြင်း၊ တွက်ချက်သုံးသပ်ဖြေဆိုခြင်း ပြုလုပ်ရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၆)မှာ မေးခွန်း(၃)ပုဒ်– (က)၊(ခ)၊(ဂ) ပါဝင်ပြီး၊ ဒီ(၃)ပုဒ်မှ နှစ်သက်ရာ(၂)ပုဒ် ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ တစ်ပုဒ်ကို (၁၀)မှတ်ပေးထားပြီး (၂)ပုဒ်ကိုအမှတ်(၂၀)ရနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းရဲ့ အပိုင်း(ခ)မှာ စုစုပေါင်းအမှတ် (၆၀)ဖိုး ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာပုံစံကိုခြုံပြီး ပြောရမည်ဆိုလျှင် မေးခွန်း(၅)မျိုးပါဝင်တဲ့ မေးခွန်း(၆)ပုဒ်မေးထားတဲ့ မေးခွန်းလွှာဖြစ်ပါတယ်။ မေးခွန်း(၅)မျိုးကတော့ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မေးခွန်းရှည်မေးခွန်းနဲ့ (၅) ဉာဏ်စမ်းမေးခွန်းတို့ ဖြစ်ပါတယ်။ မေးထားတဲ့ မေးခွန်း(၆)ပုဒ်မှာ အပိုင်း(က)မှာ ပါဝင်တဲ့ မေးခွန်းနံပါတ် (၁)နဲ့ မေးခွန်းနံပါတ်(၂)က မဖြေမနေရ ဖြေဆိုရမယ့် မေးခွန်းများဖြစ်ပြီး အပိုင်း(ခ)မှာ ပါဝင်တဲ့မေးခွန်း (၄)ပုဒ်မှာ နှစ်သက်ရာ(၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်တဲ့အတွက် စုစုပေါင်း မေးခွန်း(၅)ပုဒ် ဖြေဆိုရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းဖြေဆိုပုံဖြေဆိုနည်း

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာမှာပါဝင်တဲ့ မေးခွန်း(၆)ပုဒ်ကို ဖြေဆိုတဲ့ အခါ မည်ကဲ့သို့ ဖြေဆိုရမည်ဆိုတာကို မေးခွန်းတစ်ပုဒ်ခြင်း ရှင်းလင်းသွားပါမယ်။

မေးခွန်းနံပါတ် (၁က) ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့ မှား/မှန်မေးခွန်းကို ဖြေဆိုတဲ့အခါမှာ မေးခွန်းကို သေသေချာချာဖတ်ပြီး သဘောပေါက် နားလည်အောင် စဉ်းစားပြီးမှ မှား သို့မဟုတ် မှန် လို့ဖြေဆိုရမယ်။ အဖြေမှန်အောင်ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကျေညက်အောင် ဖတ်ရှုလေ့လာ မှတ်သားရန်လိုပါတယ်။ မှား/မှန် ဖြေဆိုခြင်းနှင့်ပတ်သက်၍ ဥပမာ။ ။'ထုတ်လုပ်မှုအင်အားစုများသည် လူတို့၏လိုအင်ဆန္ဒများနှင့် နှိုင်းစာလျှင် ပေါများသည်ဟုဆိုနိုင်သည်' ဟု ပေးထားလျှင် အဖြေမှန်မှာ မှား ဖြစ်ပါတယ်။ အဘယ်ကြောင့် မှားလည်းဆိုတာ ပြဋ္ဌာန်းစာအုပ်ရဲ့ အခန်း(၁)အပိုင်း ၁–၂မှာ ထုတ်လုပ်မှုအင်အားစုများသည် တိုင်းပြည်တွင် အကန့်အသတ်ဖြင့်သာ ရရှိနိုင်သောကြောင့် ၎င်းတို့ကိုအသုံးပြုပြီး ဖြည့်ဆည်းပေးရမည့် လူတို့၏လိုအင်ဆန္ဒများနှင့် နှိုင်းစာလျှင် ရှားပါးသည်လို့ဖော်ပြထားကြောင်း ကျောင်းသားကျောင်းသူများ သတိပြုနိုင်ပါတယ်။ မေးထားတဲ့မေးခွန်းမှာ အဖြေမှန်ကိုဆန့်ကျင်လို့ မှားလို့ဖြေဆိုရမှာ ဖြစ်ပါတယ်။ နောက်ထပ် ဥပမာတစ်ခုပေးဦးမယ်။ 'ကုန်ဖလှယ်မှုအချိုးကျဆင်းခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက် အခွင့်သာသောအခြေအနေကို ဖြစ်ပေါ်စေသည်' ဟုပေးထားပြီး မှား/မှန် ဖြေဆိုခိုင်းလျှင် အဖြေမှန်မှာ မှားဖြစ်ပါတယ်။ ဘာကြောင့် မှားသလဲဆိုတော့ ကုန်ဖလှယ်မှုအချိုးကျဆင်းခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက် အခွင့်မသာသောအခြေအနေကို ဖြစ်ပေါ်စေသည့်အတွက်ဖြစ်တယ်။

မေးခွန်းနံပါတ်(၁ခ) ကွက်လပ်ဖြည့်မေးခွန်းကို ဖြေဆိုနိုင်ရန်လည်း ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန်ကျေညက်အောင် ဖတ်ရှုလေ့လာမှတ်သားထားဖို့ လိုပါတယ်။ ပေးထားတဲ့စာကြောင်းရဲ့ကွက်လပ်ထဲမှာ တိကျတဲ့ စကားလုံးများကို ရေးသားဖြည့်စွက်ရမှာ ဖြစ်ပါတယ်။ ဥပမာ။ ။ 'ခါတ်ဆီဈေးနှုန်းမြင့်တက်သွားသောအခါ မော်တော်ကားဝယ်လိုအား ကျဆင်းသွားခြင်းသည် မော်တော်ကား၏ အပြန်အလှန် အလျော့အတင်းကို __________လက္ခဏာဆောင်စေသည်' လို့ပေးထားလျှင် ကွက်လပ်ထဲမှာ ဖြည့်ရမည့်စကားလုံးက အနုတ် ဖြစ်ပါတယ်။ နောက်ဥပမာတစ်ခု ထပ်ပေးပါမယ်။ 'ကုန်စည်ချင်း တိုက်ရိုက်ဖလှယ်မှုစနစ်အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် __________ ကိရိယာအဖြစ် ငွေကြေးကိုအသုံးပြုခဲ့သည်' လို့ပေးထားလျှင် ကွက်လပ်ထဲမှာ ဖြည့်ရမယ့်စကားစုက ကြားခံလဲလှယ်ရေး ဖြစ်ပါတယ်။ ကြားခံလို့ဖြေလျှင် မပြည့်စုံတဲ့အတွက် အမှတ်ရမှာမဟုတ်ပါ။

မေးခွန်းနံပါတ်(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းမှာ ပေးထားတဲ့ ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုတဲ့ အခါမှာ ပြဋ္ဌာန်းစာအုပ်မှာ ဖော်ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုသာ ရေးသားရမယ်။ အဓိပ္ပာယ်ပြည့်စုံအောင်ရေးမှ အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။ ဥပမာ– စာရင်းရှင်အပ်ငွေကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ စာရင်းရှင်အပ်ငွေဆိုသည်မှာ ငွေအပ်နှံထားသူများက လိုအပ်သည့်အခါ အချိန်မရွေး ထုတ်ယူသုံးစွဲနိုင်သော အပ်ငွေမျိုး ဖြစ်သည်ဟုဖြေဆိုလျှင် အမှတ်ပြည့်ရမည်မဟုတ်ပါ။ စာရင်းရှင်အပ်ငွေဆိုသည်မှာ ငွေအပ်နှံထားသူများက ချက်လက်မှတ်ဖြင့် လိုအပ်သည့်အခါ အချိန်မရွေးထုတ်ယူသုံးစွဲနိုင်သော အပ်ငွေမျိုးဖြစ်သည်ဟု ဖြေဆိုမှသာလျှင် အမှတ်ပြည့်ရမှာဖြစ်ပါတယ်။ နောက်ထပ်ဥပမာတစ်ခုပေးပါမယ်။ ငွေဖောင်းပွခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုမယ်ဆိုလျှင် အထွေထွေဈေးနှုန်းအဆင့်မြင့်မားနေခြင်းကို ငွေဖောင်းပွခြင်းဟုခေါ်သည်ဟု ဖြေလျှင် အဓိပ္ပာယ်ဖွင့်ဆိုချက် မပြည့်စုံပါ။ အချိန်ကာလအတန်ကြာ အထွေထွေဈေးနှုန်း အဆင့်မြင့်မားနေခြင်းကို ငွေဖောင်းပွခြင်းဟုခေါ်သည်ဟု ဖြေဆိုမှသာ ပြည့်စုံတဲ့အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပါမယ်။

မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅) မှ မေးခွန်းရှည် သို့မဟုတ် မှတ်စုတို(၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရာမှာ မေးခွန်းမှာပါတဲ့ အကြောင်းအရာနဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပထမရေးပြီးမှ ရှင်းလင်းချက်များကို ဆက်ရေးရမှာ ဖြစ်ပါတယ်။ ဥပမာ။ ။ဝယ်လိုအားတိုးခြင်းနှင့် လျော့ခြင်းကို မှတ်စုရေးသားဖြေဆိုမယ်ဆိုလျှင် ပထမဦးစွာ ဝယ်လိုအားတိုးခြင်း၊ ဝယ်လိုအား လျော့ခြင်းတို့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖော်ပြပြီးမှ ပုံနှင့်တကွ ဝယ်လိုအားတိုးခြင်း၊ ဝယ်လိုအားလျော့ခြင်းကို ရှင်းပြရမှာ ဖြစ်ပါတယ်။ မေးခွန်းရှည်ဖြေဆိုပုံ ဥပမာတစ်ခု ပေးရမယ်ဆိုလျှင် စီးပွားရေးစနစ်အမျိုးမျိုးကို ရှင်းလင်းဖြေဆိုပါဟုမေးထားလျှင် ပထမဦးစွာ ဈေးကွက်စီးပွားရေးစနစ်၊ ဗဟိုစီမံကိန်းချ စီးပွားရေးစနစ်၊ ရောပြွမ်းစီးပွားရေးစနစ်ဟု စီးပွားရေးစနစ်(၃)မျိုးကို ဖော်ပြပြီး ယင်းစီးပွားရေးစနစ်တစ်ခုချင်းကို အဓိပ္ပာယ်သတ်မှတ်ချက်ဖော်ပြပြီး ရှင်းလင်းဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅) တို့မှာ ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၁) မှ အခန်း(၆)ပါ အကြောင်းအရာများကို မေးခွန်း(၁)ပုဒ်လျှင် သီးသန့်အခန်းတစ်ခန်းမှ မေးထားခြင်းမဟုတ်ဘဲ အခန်းများမှ အကြောင်းအရာများကို ရောမေးထားနိုင်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ်(၆)ကို အထူးရှင်းပြလိုပါတယ်။ ဒီမေးခွန်းမှာ အပိုင်း (က)၊ (ခ)၊ (ဂ) ခွဲထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းများမှာ ပေးထားတဲ့ ကိန်းဂဏန်း အချက်အလက်များကို အခြေခံပြီး မျဉ်းကွေးများ၊ ပုံများဆွဲခြင်း၊ တွက်ချက်ပြီးရရှိတဲ့ အဖြေများကို သုံးသပ်ခြင်းများ ဖြစ်ပါတယ်။ မေးခွန်းမှာပေးထားသည့် ကိန်းဂဏန်းများကို အခြေခံပြီး မျဉ်းကွေးများ ရေးဆွဲခိုင်းပါက တိကျမှန်ကန်စွာ ရေးဆွဲရမှာဖြစ်ပါတယ်။

အခန်း(၁)မှ အင်အားစုခွဲဝေမှုပြဿနာနှင့် ဈေးကွက်စီးပွားရေးစနစ်မှ နိုင်ငံတစ်နိုင်ငံရဲ့ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးကို ပေးထားတဲ့ထုတ်လုပ်နိုင်မှု အခြေပြဇယားမှ ရေးဆွဲခိုင်းတယ် ဆိုပါစို့။ ပေးထားတဲ့ ဇယားက–

ထုတ်လုပ်နိုင်မှုအခြေပြဇယား

အမှတ်စဉ်	ဆန်(တင်း)	အထည်(ကိုက်)
က	၈၀	၀
ခ	၆၀	၄၀
ဂ	၄၀	၇၀
ဃ	၂၀	၉၀
င	၀	၁၀၀

စာမျက်နှာ ၁၆ ကော်လံ ၁




P
D_1
S
D
P_1
E_1
E
P_0
D_1
S
D
0
Q_0
Q_1
Q


P
D
S_1
S
P_1
E_1
P_0
E
S_1
S
D
0
Q_1
Q_0
Q

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၉၇၆၂ Honda Dream C 100 MDယာဉ်လက်ဝယ်ရှိသူ ဦးအေးလွင် မှတ်ပုံတင်အမှတ် ၉/စကတ(နိုင်)၀၃၁၀၉၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊ မြောက်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၆၄၄၇၆ SKYJET 100ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးတင်မျိုးထွန်း မှတ်ပုံတင်အမှတ် ၉/မမန(နိုင်)၀၂၇၉၉၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်မြို့)။

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၂၈၃)
စစ်ကိုင်းခရိုင်တရားရုံး
၂၀၀၈ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ် (၂)

ကွယ်လွန်သူ ဦးဟုန်ထိုက်ဟောင်၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

စစ်ကိုင်းမြို့ ပန်းဘဲတန်းကွင်းအမှတ်–၇၉၉၊ ဦးပိုင်အမှတ် ၁၆/ဃ၊ ဧရိယာ ၅ဒသမ ၁၅ဧကရှိ မြေပေါ်တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဟုန်ထိုက်ဟောင်၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးတင်အောင် (ခ) ဦးလှထွန်းအောင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၆ရက် (၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးဟုန်ထိုက်ဟောင်၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၆ရက် (၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက်)၌ မိမိတို့ကိုယ်တိုင် သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။

၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးတင်အောင် (ခ) ဦးလှထွန်းအောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အေးအေးသိန်း
ခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ကမာရွတ်မြို့နယ်တရားရုံးတော်၌
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်–၂၄

ရိုးမဘဏ်လီမိတက် **နှင့်** ဦးပြည်စိုးအောင်
တရားလို **တရားပြိုင်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေမာလာရိပ်မွန် ရွှေကုံးကော်လမ်း အမှတ်(အေ/၄)နေ အထက်အမည်ပါ တရားပြိုင် ဦးပြည်စိုးအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလို ရိုးမဘဏ်လီမိတက်က သင့်အပေါ်၌ ငွေကျပ် ၂၈၅၇၈၅၅ ကျပ် ၈၂ပြား ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၈ ခုနှစ် မတ်၁၉ရက် (၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အုန်းခိုင် (တ/၂၃၅၅)
တွဲဖက်မြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး၊ ကမာရွတ်မြို့နယ်။

ကျေးဇူးဆပ်ပါမည် ကျွန်တော် မောင်စောဝင်း ၁၁/ပဏက (နိုင်)၀၁၅၅၉၃၏ ကျွမ်းကျင်မှုလက်မှတ် စမဒ–၅၆/၂၀၀၃၊ ရက်စွဲ ၂–၄–၂၀၀၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **မောင်စောဝင်း ဖုန်း–၀၄၃–၂၃၀၃၂။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၇၁၃၅ Honda Dream 100T ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း မှတ်ပုံတင်အမှတ် ၉/မထလ(နိုင်)၀၅၁၂၇၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၆၇၀၆ KENBO Super Cub 100 MICယာဉ်လက်ဝယ်ရှိသူ ဦးလှငွေ မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်)၀၈၃၅၅၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်မြို့။

အများပြည်သူသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် ၁၂၁လမ်း အမှတ်–၇၉(၆ လွှာ)နေ ဦးစိုးမြင့်(**K/RGN-025490**) ၏ညွှန်ကြားချက်အရ–

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၁၁–အို) မြေကွက်အမှတ်(၄၁၂) မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် လမ်း–၁၂၀၊ အမှတ်–၉ ဟုခေါ်တွင်သော အိမ်မြေနှင့်ပတ်သက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး တရားမကြီးမှုအမှတ်– ၃၆၂/၂၀၀၀ရှိ ဦးကျော်ညွန့်နှင့် ဦးစိုးမြင့်အမှု၊ ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၁၀၇၄/၂၀၀၆ရှိ ဒေါ်ရီ(၎င်း၏ကိုယ်စားလှယ် ဒေါ်အေးအေးညွန့်) နှင့် ဦးစိုးမြင့်၊ ဦးမူဆာ (၎င်း၏ကိုယ်စားလှယ် ဒေါ်သန်းသန်း)တို့အမှုနှင့် တရားရုံးချုပ် တရားမ ပထမအယူခံမှုအမှတ် ၁၁၃/၂၀၀၇ရှိ ဒေါ်ရီ (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်အေးအေးညွန့်)နှင့် ဦးစိုးမြင့်၊ ဦးမူဆာ (၎င်း၏ကိုယ်စားလှယ် ဒေါ်သန်းသန်း)အမှုတို့တွင် ဦးစိုးမြင့်ကပင် အနိုင်ရခဲ့ပြီး အထက်ဖော်ပြပါမြေကွက်သည် ဦးစိုးမြင့်၏လက်ဝယ်၌ တည်ရှိလျက်ရှိကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးဖေသန်း	**ဦးခင်စိုး**	**ဒေါ်သန္တာခိုင်**
(B.A, H.G.P, R.L)	**(B.A, H.G.P, D.B.L)**	**(LL.B)**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**

အမှတ် ၈၃၊ အခန်း ၁၈၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း–၂၄၀၀၁၈။

အမည်ပြောင်း

အဖ ဦးစိုင်းအောင်လင်း၏သမီး မန်တုံမြို့ အထကကျောင်း ဆဋ္ဌမတန်း(B)မှ မအေးအေးမြင့်အား ယနေ့မှစ၍ မမျိုးမြတ်နန္ဒာထွန်းဟု ခေါ်ပါရန်။ **မမျိုးမြတ်နန္ဒာထွန်း။**

အမည်ပြောင်း

အဖ ဦးဝင်းမြင့်သိန်း၏သား မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမက(၂၉) စတုတ္ထတန်း(က)မှ မောင်အေးမင်းထွန်းအား မောင်အောင်မြင့်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်မြင့်မြတ်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ယ/၇၄၁၁၆ ဟွန်ဒါယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင် မှတ်ပုံတင်အမှတ်၈/ပခက(နိုင်)၁၆၇၀၈၄က(ကမ–၃) စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပခုက္ကူ)။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိုးကုတ်မြို့ အောင်နန်းရပ် အမှတ်(ဃ/၂၂၁)နေ ဒေါ်ခင်ထားရီ ၉/မကန(နိုင်)၀၃၄၁၁၈၏ သမီးဖြစ်သူ မမိုးမိုးကျော် ၉/မကန(နိုင်)၀၃၄၁၁၇ သည် မိသားစုအပေါ် စိတ်ဆင်းရဲစေမှုအမျိုးမျိုးကို ပြုမူဆောင်ရွက်နေသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့သည် ဒေါ်ခင်ထားရီမိသားစုနှင့် (လုံးဝ)သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။
ဒေါ်ခင်ထားရီ
၉/မကန(နိုင်)၀၃၄၁၁၈
(ဃ/၂၂၁) အောင်နန်းရပ်၊
မိုးကုတ်မြို့။



ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဂန့်ဂေါ-ကလေးလမ်းပေါ်ရှိ မြောင်းချောင်းတံတား ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ကလေးမြို့မှ ဂန့်ဂေါ-ကလေးလမ်းတစ်လျှောက် ကလေးခရိုင်အတွင်းရှိ လမ်း၊ တံတားတည်ဆောက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍မှာကြားကာ စက်ယန္တရားများဖြင့် ဂန့်ဂေါဘက်ကမ်း တံတားချဉ်းကပ်လမ်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မြောင်းချောင်းတံတား

မြောင်းချောင်းတံတားမှာ အရှည် ၁၈၅ ပေရှိပြီး ဘေလီသံပေါင်နှင့် သံပေါင်သံကူ ကွန်ကရစ်ကြမ်းခင်းတံတား အမျိုးအစားဖြစ်ပြီး အောက်ခြေရေတွင်းခွေ အုတ်မြစ်ဖြင့် ယာဉ်သွားလမ်းအကျယ် ၁၀ ပေ၊ ၁၀ လက်မခွဲရှိ၍ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၂၀ ဖြစ်သည်။

သံကူကွန်ကရစ်

ယခုအခါ မြောင်းချောင်းတံတား၏ ကလေးဘက်ကမ်းကပ်ခုံတစ်ခုနှင့် ရေလယ်တိုင်တစ်ခုဆောင်ရွက်ပြီးစီး၍ ကျန်ဂန့်ဂေါဘက်ရှိ ရေလယ်တိုင်၏ တံတားတိုင် ကန့်လန့်ဖြတ်ရက်မသွန်းလောင်းလျက်ရှိပြီး ကမ်းကပ်ခုံမှာ ကိုးပေအချင်းရှိ သံကူကွန်ကရစ်ရေတွင်းခွေချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးလေဝသအခြေအနေ

၁၄-၂-၂၀၀၈

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့အလင်း (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

❒ ပြည်ထောင်စုပန်း လန်းပြီကို (ဇော်မင်းမင်းဦး၏ ကဗျာ (စာ - ၃))

❒ ဤပြည်ထောင်စုသည် မျိုးနွယ်အားဖြင့် တစ်ရာကျော်၊ အရေအတွက်အားဖြင့် ၅၆ သန်းကျော်သော ညီအစ်ကို မောင်နှမတို့၏မြေ၊ တိုင်းရင်းသားစုံ သွေးချင်းတို့၏မြေဖြစ်သည်။

(တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး (စာ - ၈၊ ၉))

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား